ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက်၊ စနေနေ့၊ (16-6-2007) (၅၁၅၀)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အစ္စရေးနိုင်ငံ သမ္မတထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၆

**ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အစ္စရေးနိုင်ငံ၏ သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသော မစ္စတာ ရှီမွန်ပဲရေ့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။**

(သတင်းစဉ်)

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ ပညာရည်မြင့်မားရေးအတွက် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရမည်

## ရန်ကုန်တိုင်းအတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ငွေပဒေသာပင်၊ စာအုပ်စာစောင်များ၊ ပရိဘောဂများ တတိယအကြိမ်လှူဒါန်း

ရန်ကုန် ဇွန် ၁၅

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ရန်ကုန်တိုင်းအတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ငွေပဒေသာပင်၊ စာအုပ်စာစောင်များ၊ ပရိဘောဂများနှင့် လူထုဆက်သွယ်ရေးပစ္စည်းများ တတိယအကြိမ် လှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် စမ်းချောင်း မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စံပယ်ဆောင် ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း က အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ ပညာရည် မြင့်မားရေးအတွက် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင် ကျေးရွာစာကြည့်တိုက်ပေါင်း ၅၅၇၁၇တိုက် ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ကမ္ဘာတွင် မြန်မာနိုင်ငံသည် ကျေးရွာတိုင်း စာကြည့်တိုက် အများဆုံး ရှိသော နိုင်ငံတစ်နိုင်ငံအဖြစ် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် လှဋ္ဌေးဝင်း ရန်ကုန်တိုင်း အတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အတွက် ငွေပဒေသာပင်၊ စာအုပ်စာ စောင်များ၊ ပရိဘောဂများနှင့် လူထုဆက်သွယ်ရေး ပစ္စည်း များ တတိယအကြိမ် လှူဒါန်း ပွဲတွင် တိုင်းအေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေများကို လက်ခံ စဉ်။** (သတင်းစဉ်)

ကြေးမုံ
The Mirror

**"ဒေါ်လာစားများသို့"**

**ဆောင်းပါး**

**အညွှန်း**

***"ကိုလိုနီ နယ်ချဲ့လက်သစ်တွေအလိုကျ အော်ဟစ်ပေးနေရတာတွေကို ရပ်သင့်ပါပြီ၊ ရပ်သေးရပ်အစိုးရ ပေါ်ပေါက်လာရေးအတွက် ဆောင်ရွက်နေတာ တွေကို ရပ်သင့်ပါပြီ၊ နိုင်ငံကို ခေတ်သစ် ကိုလိုနီကျွန်ဖြစ်အောင် လုပ်နေ တာတွေကို ရပ်သင့်ပါပြီ၊ အခြေခံကောင်းတွေ၊ အလားအလာကောင်းတွေနဲ့ ခိုင်မာနေပြီဖြစ်တဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ ပါဝင်ပူးပေါင်း ဆောင်ရွက် သင့်ပါပြီ၊ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးမှာ ပါဝင်ပူးပေါင်း ဆောင်ရွက်သင့်ပါပြီ"***

ဘတိုး(တောင်ကြားကုလားတက်...)၏ **"ဒေါ်လာစားများသို့"**

(ဆောင်းပါး) စာမျက်နှာ–၈၊၉

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

ကြေးမုံ The Mirror

၁၆–၆–၂၀၀၇
(စနေနေ့)

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ခေတ်မီစက်ရုံများ တိုးချဲ့တည်ဆောက် လူသုံးကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်

နိုင်ငံခေတ်မီဖွံ့ဖြိုး တိုးတက်စေရေးအတွက် ကြိုးပမ်းဖော်ဆောင်ရာတွင် စက်မှုကဏ္ဍသည် ပဓာနကျသောအခန်းမှ ပါဝင်နေသည်။ ထို့ကြောင့် ခေတ်မီစက်ပစ္စည်း ထုတ်လုပ်သည့်စက်ရုံများ၊ သွင်းကုန်အစားထိုး စက်ရုံများကို ထူထောင်လျက်ရှိသည်။ ပြည်သူများ၏ လိုအပ်ချက်နှင့်အညီ လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ပေးလျက်ရှိသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနက လူသုံးကုန်ပစ္စည်းနှင့် အိမ်သုံးကုန်ပစ္စည်း ထုတ်လုပ်သည့် အထည်အလိပ်စက်ရုံ၊ စက္ကူနှင့်ပျော့ဖတ်စက်ရုံ၊ အဆင့်မြင့် မီးခံအုတ်စက်ရုံ၊ ဘိလပ်မြေစက်ရုံ၊ စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ၊ ပလတ်စတစ်စက်ရုံ၊ ဆေးဝါးပစ္စည်းစက်ရုံနှင့် စားသောက်ကုန်ပစ္စည်းစက်ရုံ စသည့်စက်ရုံသစ်များစွာကို တည်ဆောက်လျက်ရှိသည်။

ထို့အတူ အမှတ်(၂) စက်မှုဝန်ကြီးဌာနကလည်း နည်းပညာနှင့် ထုတ်လုပ်မှုမြင့်မားသည့် စက်ရုံ၊ အလုပ်ရုံ အများအပြားကို စက်မှုနယ်မြေအလိုက် ထူထောင်လျက်ရှိသည်။ အဆိုပါ စက်ရုံများမှ မော်တော်ယာဉ်သုံး လျှပ်စစ်ပစ္စည်း၊ စက်နှင့် စက်ကိရိယာပစ္စည်း၊ လယ်ယာသုံးစက်ပစ္စည်း၊ လျှပ်စစ်မော်တာနှင့် လျှပ်စစ်ဓာတ်အားပေးစက်စသည့် စက်ပစ္စည်းအမျိုးမျိုးကို ထုတ်လုပ်လျက်ရှိသည်။

ယင်းကဲ့သို့ အဆင့်မြင့်စက်ပစ္စည်း ထုတ်လုပ်သောစက်ရုံများနှင့် သွင်းကုန်အစားထိုး စက်ရုံများကို တိုးချဲ့ထူထောင်လာနိုင်သည့်အတွက် ကုန်ထုတ်လုပ်မှုနည်းပညာသစ်များ တိုးတက်ရရှိလာသည်။ ဒေသခံပြည်သူများအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းရရှိမှုများ တိုးပွားနေပြီဖြစ်သည်။

နိုင်ငံတစ်ဝန်း၌ စက်မှုနယ်မြေများ၊ စက်မှုဇုန်များ ထူထောင်ပြီး ခေတ်မီစက်ရုံ၊ အလုပ်ရုံများစွာကို ရင်းနှီးတည်ဆောက်ပေးလျက်ရှိရာ စက်မှုကဏ္ဍ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အလားအလာကောင်းများ ဖြစ်ထွန်းလျက်ရှိသည်။ စက်ရုံ၊ အလုပ်ရုံအလိုက် အရည်အသွေးမြင့် စက်ပစ္စည်းများ၊ အဆင့်မီ လူသုံးနှင့် အိမ်သုံးကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ် ဖြန့်ဖြူးပေးနိုင်သည်နှင့်အမျှ နိုင်ငံနှင့်ပြည်သူများ၏ လိုအပ်ချက်ကို ပိုမိုအထောက်အကူပြု ဖြည့်ဆည်းပေးသွားနိုင်မည် ဖြစ်ပါသည်။ ။



## ပေးအပ်လှူဒါန်း

**ကျေးဇူးရှင် ဘိုးဘွားမိဘများအားရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ်နေ သမီးနန်းစိုင်ဟိန်း(ခ) ဒေါ်သီဂီနွယ်၊ သား၊ သမီး၊ မြေးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် ၁၁၀၀၀၀ ကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

## ပန်းတစ်ပွင့်တောင် ရွှေထီးတော်တင်မင်္ဂလာ ကျင်းပမည်

**ရန်ကုန် ဇွန် ၁၅**

ရန်ကုန် မြောက်ပိုင်းခရိုင် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ စကြာတောင်ပေါ်ရှိ ရှေးဟောင်းစကြာရှင် ဇမ္ဗူအေးဆယ့်တစ်မီးငြိမ်း စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်တွင် ပန်းတစ်ပွင့်တောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပညာသာရ အရှင်သူမြတ် ကြီးမှူးတည်ထားသည့် ကိုးတောင်ပြည့်စေတီတော်များ၊ နဂါးရုံဘုရားများ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ရွှေထီးတော်များ တင်လှူပွဲကို ဒုတိယဝါဆိုလဆန်း ၃ ရက်၊ ဇွန် ၁၇ ရက် (တနင်္ဂနွေနေ့) နံနက်တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ နံနက် ၈နာရီ အရောက် ကြွရောက်ရန် ဖိတ်ကြားထားသည်။ တစ်ဆူ ကျပ်ကိုးသိန်းဖြင့် ကိုးတောင်ပြည့် အရံစေတီလေးဆူနှင့် နဂါးရုံဘုရားတစ်ဆူ လှူဒါန်းလိုသူများသည် ပန်းတစ်ပွင့်တောင်ဆရာတော် ဖုန်း– ၀၉၅၁ ၉၃၈၄၅၊ ဦးမြင့်စိုး ဖုန်း–၆၆၂၃၂၈၊ ဦးကျော်ဝင်း ဖုန်း–၆၄၂၆၂၅၊ ဦးကျော်လွင် ဖုန်း–၆၉၀၃၁၉၊ ဒေါ်တင်တင်ဝင်း ဖုန်း–၆၄၃၅၈၁၊ ဒေါ်ထက်ထက်အေး ဖုန်း–၅၇၉၈၀၅၊ ဒေါ်ခင်မိုးလွင် ဖုန်း–၅၀၃၉၉၃ သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၆၁)**

# ကာကွယ်ရေးဝန်ကြီးဌာနရုံး၊ ဌာန စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲ



နေပြည်တော် ဇွန် ၁၅

**ကာကွယ်ရေးဝန်ကြီးဌာနရှိ ရုံး၊ ဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များ၏ စစ်သည်တော်ကျင့်ဝတ် ပြိုင်ပွဲကို ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ကျန်စစ်သားရိပ်သာ၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနရှိ ရုံး၊ ဌာနအသီးသီးမှ အရာရှိစစ်သည်များ ဝင်ရောက်ယှဉ်ပြိုင်ဖြေဆိုကြပြီး ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးသည်။**

အဆိုပါ ပြိုင်ပွဲတွင် အရာရှိ၊ အရာခံ၊ အကြပ်၊တပ်သားအဆင့် လေးဆင့်ခွဲ၍ ယှဉ်ပြိုင်ပြီး အရာရှိအဆင့် ၃၁ ဦး၊ အရာခံအဆင့် ၅၂ ဦး၊ အကြပ်အဆင့် ၆၂ ဦး၊ တပ်သားအဆင့် ၃၄ ဦး စုစုပေါင်း ၁၇၉ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင် ဖြေဆိုကြသည်။

(သတင်းစဉ်)

## ကြည့်ရှုအားပေး

**ကာကွယ်ရေး ဝန်ကြီးဌာန စခန်းမှူးရုံး၊ စခန်းမှူး ဗိုလ်ချုပ်လှအောင်သိန်း ကာကွယ်ရေးဝန်ကြီးဌာနရှိ ရုံး၊ ဌာနအသီးသီးမှ အရာရှိစစ်သည်များ၏ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# ဒုတိယဝန်ကြီးဦးမောင်မြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၁၅

**နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပခဲ့သည့် အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲ(အေစီဒီ)၏ (၆)ကြိမ်မြောက် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ပြီး ဇွန် ၁၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။**

### ဖွဲ့စည်း

အေစီဒီ အစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံ ၃၀ မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ တက်ရောက်ကြသည်။ အေစီဒီ၏ အဓိကရည်ရွယ်ချက်မှာ အေစီဒီကို တရားဝင် သဘောတူညီချက်များဖြင့် လက်မှတ်ရေးထိုး ဖွဲ့စည်းထားခြင်း မဟုတ်ဘဲ အဖွဲ့ဝင်နိုင်ငံအားလုံး၏ ဘုံအကျိုးကျေးဇူးအတွက် လွတ်လွတ်လပ်လပ် အမြင်ချင်းဖလှယ်နိုင်ကြရန်နှင့် ပူးပေါင်းဆောင်ရွက်သည့်အခါ သက်သောင့်သက်သာ အနေအထားဖြင့် ပါဝင်နိုင်ရန်ရည်ရွယ်၍ ဖွဲ့စည်းထားခြင်းဖြစ်သည်။

ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ဇွန် ၄ ရက် ညပိုင်းတွင် ဆိုးလ်မြို့ ချောင်ဝါဒေးအိမ်တော်၌ ကျင်းပသော ကိုရီးယားသမ္မတနိုင်ငံ သမ္မတက အေစီဒီအစည်းအဝေးသို့ တက်ရောက်လာကြသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများအား ကြိုဆိုတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဆဋ္ဌမအကြိမ်မြောက် အေစီဒီနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲကို ဇွန် ၅ ရက်တွင် ကျင်းပခဲ့ရာ ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟန်ဒတ်ဆူးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ ဆက်လက်၍ အစည်းအဝေးကိုကျင်းပရာ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဆုန်မင်စွန်းက အစည်းအဝေးသဘာပတိအဖြစ်ဆောင်ရွက်သည်။ အစည်းအဝေးသို့ တက်ရောက်လာကြသော အဖွဲ့ဝင်နိုင်ငံများမှဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အေစီဒီပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံချက်များ၏ တိုးတက်မှုအခြေအနေကို ဆွေးနွေးကြပြီး အေစီဒီ အဖွဲ့၏ ရှေ့လုပ်ငန်းစဉ်အပေါ် မူဝါဒများချမှတ်ရန် ဆွေးနွေးကြသည်။ အစည်းအဝေးသို့ တက်ရောက်လာကြသော ကိုယ်စားလှယ်အဖွဲ့များအား မြန်မာကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်ကလည်း သတင်းအချက်အလက် နည်းပညာဆိုင်ရာများနှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။ ယခု အေစီဒီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ကိုရီးယားနိုင်ငံမှ အဆိုပြုတင်သွင်းသည့် သတင်းအချက်အလက် နည်းပညာဆိုင်ရာ ဆိုးလ်ကြေညာချက် စာတမ်းကို တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများက အတည်ပြု ထုတ်ပြန်ခဲ့သည်။ အဆိုပါ ကြေညာချက်စာတမ်းတွင် သတင်းအချက်အလက် နည်းပညာဆိုင်ရာနှင့်ပတ်သက်၍ အေစီဒီအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်သွားရန်ကိစ္စနှင့်ပတ်သက်ပြီး လမ်းညွှန်ချက်များ ဖော်ပြထားသည်။ ၂၀၀၈ခုနှစ် အေစီဒီအစည်းအဝေးကို ကာဇက်စတန်နိုင်ငံက လည်းကောင်း၊ ၂၀၀၉ ခုနှစ် အစည်းအဝေးကို သီရိလင်္ကာနိုင်ငံကလည်းကောင်း အိမ်ရှင်နိုင်ငံအဖြစ်လက်ခံ ကျင်းပရန် အဆိုပြုလာခြင်းအပေါ် အစည်းအဝေးမှ သဘောတူခဲ့သည်။

### တည်ခင်းဧည့်ခံ

ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အေစီဒီ အစည်းအဝေး တက်ရောက်ပြီး ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။ ခရီးစဉ်အတွင်း ဒုတိယဝန်ကြီး ဦးမောင်မြင့်သည် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကတ်ဆုဟီတိုအာဆာနိုအား ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၌ သွားရောက်တွေ့ဆုံနှုတ်ဆက်ခဲ့ပြီး မြန်မာ– ဂျပန် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မာစေရေးကိစ္စနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စများကိုဆွေးနွေးခဲ့သည်။ ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို ဂျပန်နိုင်ငံ ဒုတိယနိုင်ငံခြားရေးဝန်ကြီးက ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန အီးကူးရဂေဟာ၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့်အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ ဖြစ်ကြသော နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလင်းဟန်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သီဝတို့ ပြန်လည် လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ဌာနဆိုင်ရာဝန်ထမ်းများကပြည်သူလူထုအပေါ် မမှန်မကန်မပြုနိုင်ရေး တိုင်ကြားနိုင်သည့်လမ်းကြောင်းများ ဖွင့်ပေးထား မန္တလေးတိုင်း အမရပူရမြို့နယ်အတွင်း လာဘ်ပေးလာဘ်ယူပြုလုပ်ခဲ့သော သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ တောအုပ်တစ်ဦးနှင့် သစ်အုပ်တစ်ဦးတို့အား ရာထူးချ၍ တရားစွဲဆို အရေးယူထား

နေပြည်တော် ဇွန် ၁၅

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်နှင့်နိုင်ငံသားတို့၏ အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုး ဖြည့်ဆည်းပေးလျက်ရှိသည်။

ထို့အပြင် မှန်ကန်သည့်တာဝန်ထမ်းဆောင်မှုပေးနိုင်ရေးအတွက် အထက်အကြီးအကဲများက အခါမလပ် လမ်းညွှန်မှာကြားလျက်ရှိပြီး ဝန်ကြီးဌာနများက ပြည်သူလူထု၏အကျိုးကို ကဏ္ဍအလိုက် ကောင်းမွန်မှန်ကန်သော နည်းလမ်းများဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ပြည်သူလူထုအပေါ် မမှန်မကန်မပြုနိုင်ရေး အတွက်လည်း ထိခိုက်နစ်နာသူဘက်က နည်းလမ်းတကျတိုင်ကြားနိုင်သည့်လမ်းကြောင်းများကို ဖွင့်လှစ်ပေး လျက်ရှိသည်။ တိုင်ကြားမှုတိုင်းအပေါ် စနစ်တကျ စုံစမ်းစစ်ဆေးမှုပြုလုပ်၍ မှန်ကန်ပါက ထိရောက်စွာ အပြစ်ပေးအရေးယူလျက်ရှိသည်။

ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုများအရ မန္တလေးတိုင်း အမရပူရမြို့နယ်အတွင်း လာဘ်ပေးလာဘ်ယူ ပြုလုပ်ခဲ့သော သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ တောအုပ်တစ်ဦးနှင့် သစ်အုပ်တစ်ဦးတို့အား ဇွန် ၁ရက်တွင် ရာထူးချ၍ တရားစွဲဆိုအရေးယူထားကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

## ❒ ရွှေဖုံးမှ

ဂုဏ်ယူကြရမှာ ဖြစ်ကြောင်းနှင့် ရန်ကုန်တိုင်းအတွင်း စာကြည့်တိုက်များကို စာကြည့်တိုက်အင်္ဂါရပ်နှင့်အညီ စာအုပ်စာစောင်များ၊ လူထုဆက်သွယ်ရေးပစ္စည်းများ၊ ပရိဘောဂများ ပံ့ပိုးခြင်းနှင့် စာကြည့်တိုက်မရှိသေးသော ရပ်ကွက်၊ ကျေးရွာများတွင်လည်း ထပ်မံဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းအတွင်းရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် ရန်ကုန်တိုင်းစစ်ဌာနချုပ်က ငွေကျပ် ၁၀သိန်းအပါအဝင် အလှူရှင်များက ငွေပဒေသာပင် ငွေကျပ်၄၉သိန်း ခုနစ်သောင်း၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင်တို့မှလှူဒါန်းသော ငွေကျပ် ၃၆၁၀၀၀ တန်ဖိုးရှိ လူထုဆက်သွယ်ရေးသုံး ပစ္စည်းများ၊ ၂၁လက်မရုပ်မြင်သံကြားစက်တစ်လုံး၊ ရေဒီယိုကက်ဆက် နှစ်လုံး၊ ရေဒီယိုလေးလုံးနှင့်စာအုပ်စာစောင် ၁၄၁၆၃ အုပ်တို့အား ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူ အသီးသီးက လက်ခံကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်းအတွင်းရှိ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ငွေပဒေသာပင်၊ လူထုဆက်သွယ်ရေးပစ္စည်းများနှင့် စာအုပ်စာစောင်များအား သုံးကြိမ် လှူဒါန်းပြီးဖြစ်ရာ ငွေပဒေသာပင် ငွေကျပ် ၁၉၆၇၇၄၀၀၊ ရုပ်မြင်သံကြားစက် ၅၁ လုံး၊ ကက်ဆက်၂၃လုံး၊ ရေဒီယို ၁၆၄လုံး၊ ပရိဘောဂပစ္စည်း ၄၀ နှင့် စာအုပ်စာစောင် ၇၄၄၇၀ဖြစ်ကာ စုစုပေါင်း လှူဒါန်းမှု တန်ဖိုးမှာ ငွေကျပ် ၅၅၈၆၇၀၄၅ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လသာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အိမ်ရှင်မများဝင်ငွေတိုးမည့် ဇာထိုးပန်းထိုး၊ တစ်ချောင်းထိုးသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၅

**ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော အိမ်ရှင်မများ ဝင်ငွေတိုးစေမည့် ဇာထိုးပန်းထိုး၊ တစ်ချောင်းထိုးသင်တန်းဆင်းပွဲကို ယနေ့နံနက် ၉နာရီတွင် လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗဟိုစံပြခန်းမဆောင်၌ ကျင်းပသည်။**

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကား ပြောကြားပြီး လသာမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကြည်ကြည်လွင်ထံမှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ ၁၀၀၀ ကို လက်ခံပြီး သင်တန်းဆင်းအောင်လက်မှတ်များနှင့် သင်ကြားပြသပေးသော နည်းပြဆရာမအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ရာ သင်တန်းသူ ကိုယ်စားလှယ်တစ်ဦးနှင့် နည်းပြဆရာမ တစ်ဦးက လက်ခံကြသည်။

ထို့နောက် သင်တန်းအတွက် ဟိုက်ဝေးမန်းနေးဂျမန့်ကုမ္ပဏီက ငွေကျပ်ငါးသောင်းနှင့် လသာမြို့နယ်မှ စုစုပေါင်း လှူဒါန်းငွေကျပ် ၂၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ဒေါ်မာမာဝေက လက်ခံသည်။

ယင်းနောက် သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များသည် သင်တန်းသူများ၏ ဇာထိုးပန်းထိုးလက်ရာများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ သင်တန်းကို သင်တန်းသူ ၂၅ ဦးဖြင့် တစ်လခွဲကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ (ရွှေသီဂီရတနာဓမ္မာရုံ၊ အမှတ် ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်) သို့ မိခင်ကြီး ဒေါ်အုန်းကြည်အား အမှူးထား၍ ညောင်ဦးမြို့ တက်သေး မြောက်ရပ်နေ ဦးကျော်သိန်း၊ဒေါ်တင်တင် သားသမီး မြေးတစ်စုက ငွေကျပ် ၃၀၀၀၀၀ ပေးပို့လှူဒါန်းရာ ဘဏ္ဍာရေးမှူး ဦးမျိုးထွဋ် လက်ခံယူစဉ်။** (က–ပ)







**ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ လသာမြို့နယ် အိမ်ရှင်မများ ဝင်ငွေတိုးစေမည့် ဇာထိုးပန်းထိုး၊ တစ်ချောင်းထိုးသင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

ရန်ကုန် ဇွန် ၁၅

**ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ဇွန် ၅ရက်တွင် ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဇွန် ၅ရက် နံနက်ပိုင်းတွင် တောင်ငူမြို့ တိုင်းစစ်ဌာနချုပ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခန်းမ၌ကျင်းပရာ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ် တက်ရောက်အမှာစကားပြောကြားသည်။**

**ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ် ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)





ထို့နောက် ပဲခူးတိုင်း အမျိုးသမီး ရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က အမျိုးသမီးရေးရာအကြောင်း သိကောင်းစရာများကို လည်းကောင်း၊ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မော်မော်က ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ တောင်ငူခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်သန်းသန်းဌေးက သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြသည်။

ယင်းနောက် ပဲခူးတိုင်း အမျိုးသမီး ရေးရာအဖွဲ့နာယက တိုင်းမှူး၏ဇနီးက ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်ခင်မော်မော်နှင့် တောင်ငူခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်သန်းသန်းဌေးတို့အား ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကနှင့် အဖွဲ့ဝင်များသည် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် မူလတန်းကြို နေ့ကလေးထိန်းကျောင်းသို့ ရောက်ရှိကြပြီး ကိုယ်ဝန်ဆောင်မိခင်လောင်းခုနစ်ဦးအား ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ အိုင်အိုဒင်းဆား၊ သံဓာတ်အားတိုးဆေးဝါးများ ထောက်ပံ့ပေးအပ်ကြပြီး မူလတန်းကြို နေ့ကလေးထိန်း ကျောင်းသား၊ ကျောင်းသူ ၈၅ဦးတို့အား ကျန်းမာရေးဆေးစစ်ခြင်း၊ ကိုယ်အလေးချိန် တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ ကလေးထိန်းကျောင်း အတွင်း၊ အပြင်တွင် ပေါင်းမြက်ရှင်းလင်းခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ (သတင်းစဉ်)

# နိုင်ငံရေးပြဿနာများကြောင့် စီးပွားရေးထိခိုက်နိုင် ထိုင်းဘဏ္ဍာရေးဝန်ကြီး သတိပေးပြောကြား

**ဗန်ကောက် ဇွန် ၁၄**

ထိုင်းနိုင်ငံ၏ စီးပွားရေးသည်နိုင်ငံရေး တင်းမာမှုများကြောင့်ထိခိုက်နိုင်ကြောင်း ထိုင်းဘဏ္ဍာရေးဝန်ကြီး ချာလောင် ဖို့ဆပ်ဆန်ကန်က ပြောကြားကြောင်း ထိုင်းသတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် သတင်းဖော်ပြသည်။

**ကောလာဟလ**

ထိုင်း နိုင်ငံတွင် အာဏာသိမ်းနိုင်သည်ဟူသော ကောလာဟလကြောင့် စတော့ရှယ်ယာ ဈေးကွက်ထိခိုက်ခဲ့ရကြောင်း ဘဏ္ဍာရေးဝန်ကြီးက ပြောကြားသည်။

စတော့ဈေးကွက် အတက်အကျ မြန်ဆန်မှုသည် ပြည်တွင်း သို့တည်း မဟုတ် ပြည်ပ အကြောင်းတရားများကြောင့် ဖြစ်ပေါ်ရခြင်းရှိ၊ မရှိ ရင်းနှီးမြှုပ်နှံသူများ သုံးသပ်ရန် လိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**စီးပွားရေးထိခိုက်နိုင်**

ထိုင်းနိုင်ငံ၏ နိုင်ငံရေး အခြေအနေ မရေမရာ ဖြစ်နေပါက စီးပွားရေး ထိခိုက်နစ်နာနိုင်သည့်အချက်ကို မိမိ ဝန်ခံကြောင်း ၎င်းက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## အာဖဂန်နစ္စတန်တွင် ဗုံးပေါက်ကွဲ ကနေဒါတပ်ဖွဲ့ဝင်သေဆုံး

**အော့တဝါ ဇွန် ၁၄**

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းတွင် တနင်္လာနေ့က လမ်းဘေးဗုံး ပေါက်ကွဲသဖြင့် နေတိုးတပ်ဖွဲ့မှ ကနေဒါတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်၌ ဖော်ပြထားသည်။

နေတိုး၏ ကနဦးကြေညာချက်တွင် သေဆုံးသူတပ်ဖွဲ့ဝင်မှာ မည်သည့်နိုင်ငံသားဖြစ်သည်ဟု ဖော်ပြခြင်းမရှိပေ။

ကန်ဒါဟာမြို့မြောက်ဘက် ကီလိုမီတာ ၄၀ ခန့်အကွာ၌ ကနေဒါတပ်ဖွဲ့ဝင် ဒါရိုင်းကက်စဝဲ စီးနင်းလာသော မော်တော်ယာဉ် လမ်းဘေးဗုံး ဖောက်ခွဲခံရသဖြင့် သေဆုံးခဲ့ခြင်း ဖြစ်သည်။

ကနေဒါ တပ်ဖွဲ့ဝင်များကို အာဖဂန်နစ္စတန်နိုင်ငံသို့ ၂၀၀၂ ခုနှစ်က စေလွှတ်ပြီးသည့်နောက် ကက်စဝဲသည်ကနေဒါ တပ်ဖွဲ့ဝင်များတွင် ၅၇ ဦးမြောက် သေဆုံးသူဖြစ်သည်။

***အမ်အင်အေ၊ရိုက်တာ။***



ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့၌ မိုးသည်းထန်မှုကြောင့် မြေပြိုမှုဖြစ်ပွားရာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဇွန် ၁၃ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## ကမ္ဘာကြီးပူနွေးလာမှု ဘာလီခရီးသွားလုပ်ငန်းကို ထိခိုက်နိုင်

**ဂျကာတာ ဇွန် ၁၄**

ကမ္ဘာကြီးပူနွေးလာမှုကြောင့် အင်ဒိုနီးရှားနိုင်ငံရှိ ဘာလီ အပန်းဖြေကျွန်း၏ ခရီးသွားလုပ်ငန်း ထိခိုက်လာနိုင်ကြောင်း ကျွမ်းကျင်သူပညာရှင်များက ဇွန် ၁၄ ရက်တွင် သတိပေးလိုက်သည်။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲလာမှုကြောင့် ဘာလီကျွန်းရှိ သန္တာကျောက်တန်းများ ထိခိုက်ပျက်စီးလာနိုင်သည်။

ဒေသခံရေလုပ်သားများက ငါးဖမ်းရာတွင် ထိရောက်မှုရှိစေရန် ဆိုင်ယာနိုက်ဒ်ဗုံးများကို တရားမဝင် သုံးစွဲနေမှုကြောင့် သန္တာကျောက်တန်းများ ပျက်စီးနိုင်ကြောင်း ကျွမ်းကျင်သူပညာရှင်များက ပြောကြားသည်။

ပင်လယ်ပြင် အပူချိန်မြင့်တက်လာခြင်းကြောင့် ပင်လယ်ရေအောက်ရှိကျောက်ဆောင်၊ ကျောက်တန်းများမှာ ညစ်ထေးလာသည်ကို မင်ဂျင်ဂန်ကျွန်းတွင် တွေ့ရှိရသည်။ ယင်းကျွန်းမှာ ရေငုပ်အားကစား ဝါသနာပါသည့်ကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေလေ့ရှိသော နေရာပင်ဖြစ်သည်။ ရာသီဥတု ပြောင်းလဲလာခြင်းသည် ဘာလီကျွန်း၏ ဂေဟစနစ်များကို ထိခိုက်စေနိုင်ကြောင်း ဘာလီရှိ ဝါမာဒီဝါတက္ကသိုလ်မှ သိပ္ပံပညာရှင်တစ်ဦးက ပြောကြားသည်။ အယ်လ်နီညို ဖြစ်စဉ်နှင့် ပင်လယ်ရေမျက်နှာပြင် အပူချိန်မြင့်တက်လာခြင်းတို့ကို တွေ့ကြုံလာနိုင်ကြောင်း ၎င်းက ပြောကြားသည်။

***အင်တာနက်။***

ကြေးမုံ The Mirror နိုင်ငံခြား သတင်းများ

## ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဗီယက်နမ်နှင့် တရုတ်ပူးပေါင်းဆောင်ရွက်မည်

**ဟန္နိုင်း ဇွန် ၁၄**

ဗီယက်နမ်အစိုးရသည် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ ဗီယက်နမ်၌ လုပ်ငန်းဆောင်ရွက်ရန် သင့်လျော်သည့် အခြေအနေအားလုံးကို ဖန်တီးပေးမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကျိုးအမြတ်ဖြစ်ထွန်းစေရေးအတွက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်ရန် ရည်ရွယ်ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဒန်က ပြောကြားသည်။

တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများအား ဦးစားပေးမည် ဖြစ်ကြောင်း ဟန္နိုင်းမြို့၌ တနင်္လာနေ့က တရုတ်နိုင်ငံ စက်မှုလုပ်ငန်းရှင်များနှင့် ကုန်သည်ကြီးများအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ကွမ်ကျီကျူနှင့် တွေ့ဆုံစဉ် ဒန်က ပြောကြားသည်။

တရုတ်နှင့် ဗီယက်နမ်နိုင်ငံတို့သည်ဘက်စုံပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သင့်ကြောင်း၊ အထူးသဖြင့် စီးပွားရေးနှင့်ကုန်သွယ်ရေးကဏ္ဍတို့ ဖြစ်ကြောင်း တရုတ်ကိုယ်စားလှယ် ကွမ်ကျီကျူက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



ကမ္ဘာဦးကာလက အသက်ရှင်လှုပ်ရှားခဲ့သော ရောမဒိုင်နိုဆောင်ရက်များဟု ခေါ်သည့် ဂီဂန်တိုရက်ပ်တောခေါ် ငှက်ကြီးများအား ပန်းချီဆရာက စိတ်ကူးပုံဖော်ထားသည်ကို ဇွန် ၁၄ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## သက်ကြီးသူများထံမှ လုပ်အားရရှိရန် ဂျပန်အစိုးရ လိုလား

**တိုကျို ဇွန် ၁၄**

ဂျပန်နိုင်ငံတွင် သက်ကြီးသူများထံမှ လုပ်အားရရှိရန် အစိုးရက လိုလားကြောင်း၊ သက်ကြီးများအား ပြုစုစောင့်ရှောက်ထောက်ပံ့ရမည့် ဝန်ထုပ်ဝန်ပိုးအဖြစ် မရှုမြင်ဘဲ လူ့စွမ်းအားအရင်းအမြစ်အဖြစ် ရှုမြင်သင့်ကြောင်း ဂျပန်အစိုးရက ဇွန် ၈ရက်တွင် ထုတ်ပြန်သောအစီရင်ခံစာတွင်ဖော်ပြထားသည်။

နှစ် ၅၀အတွင်း ဂျပန်လူဦးရေ၏ ငါးပုံနှစ်ပုံကျော်သည် အသက် ၆၅နှစ် အထက်ရှိသူများဖြစ်ပြီး သက်ကြီးဦးရေသည် လက်ရှိအချိုးအစားထက် နှစ်ဆရှိလာမည်ဖြစ်သည်။

သက်ကြီးများကို ပြုစုစောင့်ရှောက်ခြင်း၊ ပင်စင်ပေးခြင်းတို့သည် နိုင်ငံရေးပြဿနာ ဖြစ်လာဖွယ်ရှိသည်။ မျက်မှောက်တွင် အသက် ၆၅နှစ်အထက် သက်ကြီးတစ်ဦးလျှင် ၎င်းကိုထောက်ပံ့ရန်အလုပ်လုပ်ကိုင်သူ သုံးဦးကျော်ရှိနေသေးသည်။ ၂၀၅၅ခုနှစ်အရောက်တွင် အဆိုပါ အလုပ်လုပ်ကိုင်နိုင်မှုနှုန်းထားသိသာစွာကျဆင်းသွားမည်ဖြစ်သည်။ ပျမ်းမျှအားဖြင့် ပင်စင်ယူသူတစ်ဦးလျှင် အလုပ်လုပ်ကိုင်သူ တစ်ဦးနှုန်းသာ ဖြစ်လာမည်ဖြစ်သည်။ ***အင်တာနက်။***

## ထိုင်းနိုင်ငံ တောင်ပိုင်း၌ ချုံခိုတိုက်ခိုက် တပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံး

**ဗန်ကောက် ဇွန် ၁၅**

ထိုင်းနိုင်ငံ တောင်ပိုင်း ယာလာပြည်နယ်တွင် ဇွန် ၁၅ရက် နံနက်အစောပိုင်းက တပ်ဖွဲ့ဝင်တစ်စုကို သေနတ်သမားများက ချုံခိုတိုက်ခိုက်သဖြင့် တပ်ဖွဲ့ဝင် ခုနစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

ယာလာပြည်နယ် ဘာနန်ဆာတားခရိုင် အဝေးပြေးလမ်းမကြီးပေါ်၌ အဆိုပါ တိုက်ခိုက်မှုဖြစ်ပွားခြင်းဖြစ်သည်။ လက်နက်ကိုင်များသည် တပ်ဖွဲ့ဝင်များ စီးနင်းလာသော မော်တော်ယာဉ်အနီးဗုံးကို ဦးစွာဖောက်ခွဲလိုက်သည်။ ထို့နောက် လက်နက်များဖြင့်ဝိုင်းဝန်းပစ်ခတ်သည့်အတွက် တပ်ဖွဲ့ဝင် ခုနစ်ဦးမှာ နေရာ၌ပင် သေဆုံးခဲ့ကာ တစ်ဦးမှာ ဒဏ်ရာရရှိသွားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ကြိုတင်စည်းကမ်းသတ်မှတ်ချက် မပါရှိဘဲ ငြိမ်းချမ်းရေး ဆွေးနွေးရန် ဆီးရီးယား လိုလား

**ဒမတ်စကတ် ဇွန် ၁၄**

ဆီးရီးယားနိုင်ငံသည် အစ္စရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် အသင့်ရှိကြောင်း၊ သို့ရာတွင် ဆွေးနွေးပွဲနှင့် ပတ်သက်၍ ကြိုတင်စည်းကမ်း သတ်မှတ်မှုကို လက်မခံနိုင်ကြောင်း ဆီးရီးယား ဒုတိယနိုင်ငံခြားရေးဝန်ကြီး အာမက်အာနပ်စ်က အင်္ဂါနေ့တွင် ပြောကြားသည်။

မည်သည့်စည်းကမ်းကန့်သတ်ချက်မျှ မထားရှိဘဲငြိမ်းချမ်းရေးနှင့်ဒေသအတွင်း တည်ငြိမ်ရေးနှင့် လုံခြုံရေးအတွက် ဆွေးနွေးရန် အသင့်ရှိသည်ဟုဆွေးနွေးပွဲ ပြုလုပ်ရန် အစ္စရေး၏ ကမ်းလှမ်းချက်နှင့်ပတ်သက်၍ အာနပ်စ်က တုံ့ပြန်ပြောကြားခြင်းဖြစ်သည်။

၁၉၆၇ခုနှစ် စစ်ပွဲအတွင်း အစ္စရေးက သိမ်းယူခဲ့သည့် ဂိုလန်ကုန်းမြင့်မှ တပ်ဖွဲ့များကို ရုပ်သိမ်းပေးရန် လိုလားကြောင်း အစ္စရေးဝန်ကြီးချုပ် အိုးလ်မတ်က ပြောကြားခဲ့သည်။ အပြန်အလှန်သဘောအရ ဆီးရီးယား အနေဖြင့် အီရန်၊ ဟစ်ဇ်ဘိုလာနှင့် ပါလက်စတိုင်း စစ်သွေးကြွအုပ်စုများကို အဆက်အသွယ် ဖြတ်တောက်ရန် အစ္စရေးက တောင်းဆိုသည်။

***အမ်အင်အေ၊ရိုက်တာ။***

## အိန္ဒိယစက်မှုလုပ်ငန်း ထုတ်လုပ်မှုမြင့်တက်

**နယူးဒေလီ ဇွန် ၁၄**

အိန္ဒိယနိုင်ငံ၏ စက်မှုလုပ်ငန်းဆိုင်ရာထုတ်လုပ်မှုသည် ယခုနှစ်ဧပြီလတွင် ယမန်နှစ်အလားတူကာလကထက် ၁၃ ဒသမ ၆ ရာခိုင်နှုန်း တိုးမြင့်လာကြောင်း ပီတီအိုင်သတင်းဌာနက ဇွန် ၁၃ ရက်တွင် သတင်းထုတ်ပြန်သည်။

၂၀၀၆ ခုနှစ် ဧပြီလတွင် စက်မှုလုပ်ငန်းဆိုင်ရာ ထုတ်လုပ်မှု ၉ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့သော်လည်း ယခုနှစ်ဧပြီလတွင် ၁၃ဒသမ ၆ရာခိုင်နှုန်း တိုးမြင့်လာကြောင်း၊ ဆယ်စုနှစ်တွင် တိုးတက်မှုနှုန်းအမြင့်ဆုံးဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



ပြင်သစ်နိုင်ငံ တူလုစ်မြို့တွင် A-380 အဲလ်ဘတ်စ်လေယာဉ်များ စမ်းသပ်ပျံသန်းနေသည်ကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*



တိုက်ပွဲများဖြစ်ပွားနေသော လက်ဘနွန်နိုင်ငံ မြောက်ပိုင်း ထရီပိုလီဒေသတွင် ကင်းလှည့်နေသော လက်ဘနွန် တပ်ဖွဲ့ဝင်များကို ဇွန် ၁၄ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## အစိုးရအဖွဲ့ဖျက်သိမ်းကြောင်း ပါလက်စတိုင်းသမ္မတ ကြေညာ ဖာတာ၏ လုံခြုံရေးဌာနချုပ်ကို ဟားမတ်အုပ်စုဝင်ရောက်သိမ်းပိုက်

**ဂါဇာ ဇွန် ၁၅**

ပါလက်စတိုင်းသမ္မတ မာမွတ်အာဘတ်စ်သည် ဇွန် ၁၄ရက်က သမ္မတ၏ အမိန့်ဒီဂရီထုတ်ပြန်ပြီး ဟားမတ်-ဖာတာညွန့်ပေါင်းအစိုးရအဖွဲ့ကို ဖျက်သိမ်းလိုက်ကြောင်း ကြေညာသည်။ ထိုကြေညာချက်အရ အဆိုပါ ဟားမတ်အဖွဲ့ဝင်ဖြစ်သော ဝန်ကြီးချုပ် အစ္စမေးလ်ဟာနီယာသည် ရာထူးမှ ဖယ်ရှားခံလိုက်ရပြီဖြစ်ပြီး သမ္မတ အာဘတ်စ်အနေဖြင့်အစိုးရသစ်တစ်ရပ်ကို အမြန်ဖွဲ့စည်းသွားရမည်ဖြစ်သည်။

ဇွန် ၁၄ရက်က ဂါဇာကမ်းမြောင်ဒေသ တောင်ပိုင်းတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ ပါလက်စတိုင်းလူငယ်လေးဦး သေဆုံးသွားသည်။ ထိုပေါက်ကွဲမှုမှာ အစ္စရေးတပ်ဖွဲ့က ပစ်လိုက်သော အမြောက် ဆံပေါက်ကွဲမှု ဖြစ်ကြောင်း ဒေသခံများက ပြောဆိုသော်လည်း အစ္စရေးတပ်ဖွဲ့က ထိုကိစ္စမဟုတ်မမှန်ကြောင်း ငြင်းဆိုသည်။

ဂါဇာကမ်းမြောင်ဒေသတစ်ဝန်းတွင် ပါလက်စတိုင်းအုပ်စု နှစ်စုအကြား အချင်းချင်း ပစ်ခတ်မှုများ ဖြစ်ပွားသဖြင့် မငြိမ်မသက်ဖြစ်နေသည်မှာ ငါးရက်ရှိသွားပြီဖြစ်သည်။ ထိုပစ်ခတ်မှုများအတွင်း လူ ၇၉ဦးထိ သေဆုံးခဲ့ရပြီဖြစ်ကြောင်းသိရသည်။

ဖာတာအုပ်စု၏ လုံခြုံရေးဌာနချုပ်စခန်းကို ဟားမတ်အုပ်စုက ဝင်ရောက်သိမ်းပိုက်ရာ ပါလက်စတိုင်း ၁၆ဦး သေဆုံးသွားပြီး စခန်းကို ဟားမတ်တို့ စီးနင်းရရှိသွားကြောင်း အယ်လ်ဂျာဇီးရားရုပ်သံဌာနက ကြေညာသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## တရုတ်အရှေ့မြောက်ပိုင်းတွင် ကမ္ဘာစစ်ဗုံးဟောင်းများ တွေ့ရှိ

**ချန်ချွန်း ဇွန် ၁၃**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျီလင်ပြည်နယ် ဒန်ဟူဟာ မြို့တောင်ခြေတွင် ဗုံးဟောင်း ၃၅၀၀ ကို တူးဖော်တွေ့ရှိကြောင်း၊ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တပ်ဖွဲ့များ စွန့်ပစ်ထားသည့် ဗုံးများ ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ဇွန် ၁၃ ရက်တွင် ပြောကြားသည်။

အဆိုပါ ဗုံးများသည် အလေးချိန်အားဖြင့် တန် ၄၀ကျော်ရှိကြောင်း၊ ဒန်ဟူဟာမြို့ ရှာဟီယန်မြို့နယ် တောင်ကုန်း၏ အောက်ခြေရှိ တွင်းအတွင်းမှ အဆိုပါဗုံးများကိုတူးဖော်တွေ့ရှိကြောင်း၊ ယင်းနေရာသည် ဂျပန်လေတပ်တပ်ဖွဲ့ နေရာဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ကျီလင်ပြည်နယ် ဒေသခံလယ်သမားသုံးဦးသည် ဇွန် ၃ ရက်က သတ္တုရှာဖွေရေး ကိရိယာဖြင့် အဆိုပါဗုံးများကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့သည် ဂျပန်တပ်ဖွဲ့ စွန့်ပစ်ခဲ့သော သံတိုးသံစများကို ပြန်လည်ရောင်းချရန် ရှာဖွေခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



ဒုတိယကမ္ဘာစစ်အတွင်း တောင်ကိုရီးယားအမျိုးသမီးများ နစ်နာခဲ့ရမှုအတွက် တိုကျိုမြို့၌ ဇွန် ၁၄ ရက်က ကန့်ကွက်ဆန္ဒပြနေကြစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

## နယ်စပ်ဒေသ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး အစီအစဉ် အာဖဂန်၊ အီရန်နှင့် ပါကစ္စတန် သဘောတူညီ

**ဗီယင်နာ ဇွန် ၁၄**

အာဖဂန်နစ္စတန်၊ အီရန်နှင့် ပါကစ္စတန်နိုင်ငံ နယ်စပ်တစ်လျှောက်တွင် မူးယစ်မှောင်ခိုမှု ပူးပေါင်း တိုက်ဖျက်ရန် အစီအစဉ်နှင့်ပတ်သက်၍ သုံးနိုင်ငံ အထက်တန်း တာဝန်ရှိသူများ ဇွန် ၁၂ ရက်တွင် သဘောတူ လက်မှတ်ရေးထိုးခဲ့ကြောင်း ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းတိုက်ဖျက်ရေးရုံး (ယူအင်န်အိုဒီစီ)က ပြောကြားသည်။

**ခန့်မှန်း**

အာဖဂန်နစ္စတန်နိုင်ငံမှ ဘိန်းထုတ်လုပ်မှုလျှော့ချနိုင်ရန် သန္နိဋ္ဌာန်ချထားကြောင်း အဆိုပါ သုံးနိုင်ငံမှ လုံခြုံရေးဝန်ကြီးများ၏ အစည်းအဝေးအပြီး ပူးတွဲထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။ အာဖဂန်နစ္စတန်တွင် ဘိန်းထုတ်လုပ်မှုသည် ယမန်နှစ်ကထက် ၅၀ ရာခိုင်နှုန်း များပြားလာကြောင်း၊ ကမ္ဘာ့ဘိန်းဖြူထုတ်လုပ်မှု၏ ၉၀ ရာခိုင်နှုန်းကျော်ရှိကြောင်း ကုလသမဂ္ဂက ခန့်မှန်းသည်။

အာဖဂန်နစ္စတန်နိုင်ငံ၏ ဘိန်းထုတ်လုပ်မှုကို တိုက်ဖျက်နိုင်မည့် သဘောတူညီမှု ရရှိခြင်းအတွက် ယူအင်န်အိုဒီစီ ညွှန်ကြားရေးမှူး အန်သိုနီအိုမာရီယာ ကောစ့်တာက ကြိုဆိုလိုက်သည်။

***အမ်အင်အေ၊ရိုက်တာ။***

## အကြမ်းဖက်အုပ်စုခေါင်းဆောင် တစ်ဦးကို အင်ဒိုနီးရှား ရဲတပ်ဖွဲ့ ဖမ်းဆီးရမိ

**ဂျကာတာ ဇွန် ၁၄**

အင်ဒိုနီးရှားရဲတပ်ဖွဲ့က အလိုအရှိဆုံး အကြမ်းဖက်သမားဖြစ်သည့် အဘူဒူဂျာနာကို ဖမ်းဆီးရမိထားကြောင်း၊ ၎င်းသည် အရှေ့တောင်အာရှဒေသရှိ ဂျမားအစ္စလမ်မီးယား (ဂျေအိုင်)စစ်သွေးကြွအုပ်စု၏ ထိပ်တန်းခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ အက်ဒီဝီနိုတိုက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အလယ်ပိုင်း ဂျာဗားပြည်နယ် ဘန်နူဝမ်ဂီမြို့ရှိအိမ်မှ အဘူဒူဂျာနာကို ရက်သတ္တပတ်ကုန်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ဝီနိုတိုက ပြောကြားသည်။ ရဲတပ်ဖွဲ့က စီးနင်းရှာဖွေမှုများ ပြုလုပ်ခဲ့ပြီး အကြမ်းဖက်သမားများအဖြစ် မသင်္ကာသူများကို ဖမ်းဆီးခဲ့သည်။

ဒီအင်အေ စမ်းသပ်ချက်များပြုလုပ်ပြီးနောက် ယူဆရွန်မာမူဒီ အမည်ရှိ အဘူဒူဂျာနာကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ၎င်းတွင် နာမည်အများအပြားရှိကြောင်း ဝီနိုတိုက ပြောကြားသည်။

ဒူဂျာနာသည် အနောက်ဂျာဗားပြည်နယ် စီယန်ဂျာမြို့တွင် မွေးဖွားခဲ့ပြီး ဂျေအိုင်အုပ်စု၏ တပ်မှူးဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် အဇာဟာရီဟူစိန် သေဆုံးပြီးနောက် ၎င်းသည် အကြမ်းဖက်အုပ်စု၏ စစ်ဘက်ရေးရာ အကြီးအကဲဖြစ်လာခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

## ပစ္စဘတ်မြို့တွင် မီးလောင်မှုဖြစ်ပွား ကလေး ငါးဦး သေဆုံး

**ဝါရှင်တန် ဇွန် ၁၄**

အမေရိကန်ပြည်ထောင်စု အရှေ့ပိုင်း ပင်ဆယ်ဗေးနီးယားပြည်နယ်ရှိ ပစ္စဘတ်မြို့၌ ဇွန် ၁၂ ရက်နေ့ အစောပိုင်းက မီးလောင်မှုဖြစ်ပွားရာ ကလေးငယ် ငါးဦး သေဆုံးခဲ့ကြောင်း အမေရိကန် ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းမြို့ရှိ သုံးထပ်အဆောက်အအုံ၏ အထပ်သုံးထပ်စလုံး၌ မီးလောင်ကျွမ်းခဲ့သည်။ ဒုတိယထပ်ရှိ အိမ်ခန်းတစ်ခန်းအတွင်းမှ အသက် သုံးနှစ်မှ ခုနစ်နှစ်အရွယ်ရှိ ကလေးငယ်ငါးဦးကို တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းတို့အနက်မှ ကလေးငယ် နှစ်ဦးမှာ သေဆုံးနေပြီး ကျန်သုံးဦးမှာ ဒေသအတွင်းရှိ ဆေးရုံသို့ ရောက်ရှိပြီးမှ သေဆုံးခဲ့သည်။

အခြား ကလေးငယ်နှစ်ဦးမှာ မီးလောင်ကျွမ်း ခံရသော်လည်း သေဘေးမှ လွတ်မြောက်ခဲ့ပြီး ဆေးရုံသို့ တင်လိုက်ကြောင်း သိရသည်။ မိဘများသည် ညနေခင်း အပြင်ထွက်သွားချိန်၌ ကလေးငယ်များကို ကလေးထိန်းနှင့်ထားခဲ့ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များသည် အသက် ၁၇ နှစ်အရွယ်ရှိ ကလေးထိန်း အမျိုးသမီးကို ရှာဖွေနေဆဲဖြစ်ပြီး မီးလောင်ကျွမ်းမှုကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

***အမ်အင်အေ၊ ဆင်ဟွာ။***




## အမျိုးသမီးတစ်ဦးကို ရဲအရာရှိများ ပစ်သတ်ခဲ့

**လန်ဒန် ဇွန် ၁၄**

အင်္ဂလန်နိုင်ငံအရှေ့တောင်ပိုင်း ကင့်ခရိုင် ဆီဗီနော့စ်မြို့တွင် ရဲအရာရှိများက သေနတ်ကိုင်ဆောင်ထားသည်ဟု သင်္ကာမကင်းဖြစ်သူ အမျိုးသမီး တစ်ဦးကို ပစ်သတ်ခဲ့ကြောင်း ရဲတပ်ဖွဲ့က မကြာသေးမီက ပြောကြားသည်။

ဆီဗီနော့စ်လမ်းမကြီးဘေးတွင် ဇွန် ၁၂ရက် နံနက်က ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ကြောင်း စကိုင်းနယူးသတင်းဌာနက သတင်းထုတ်လွှင့်သည်။

***အမ်အင်အေ၊ ရိုက်တာ။***



ပီရူးနိုင်ငံ အင်ဒီးစ်တောင်တန်းဒေသ၌ တွေ့ရသည့် ဘီစီ ၁၅၀၀ ခန့်က အသုံးပြုသော ရှေးဟောင်းပစ္စည်းတစ်ခုအား အမေရိကန်နိုင်ငံ ဖလော်ရီဒါ တက္ကသိုလ်၌ ပြသထားသည်ကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*




## ပျိုးပင်များပေးအပ်

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ဇွန် ၇ရက်တွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် နမ့်ဆီးကျေးရွာအုပ်စု ပင်ငိုကျေးရွာ ခြံစည်းရိုး ကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲ၌ ဌာနဆိုင်ရာများအား ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်စဉ်။ (သတင်းစဉ်)

# သောက်သုံးရေတိုးချဲ့ဖြန့်ဝေရေးလုပ်ငန်းများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၅

**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ကော်မတီဝင် ဦးကျော်စိုးလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က ဒဂုံမြို့သစ်မြို့နယ်များသို့ သောက်သုံးရေ တိုးချဲ့ဖြန့်ဝေနိုင်ရန် လုပ်ငန်းများဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် ကော်မတီဝင် ဦးကျော်စိုးနှင့်အတူ ယနေ့နံနက် ၁၀ နာရီက မြောက်ဥက္ကလာပမြို့နယ် သုဓမ္မာလမ်းနှင့် ဗိုလ်မှူးဗထူးလမ်းဆုံသို့ ရောက်ရှိလာရာ ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ ရေပိုက်ဆက်သွယ်ရေး တာဝန်ခံအင်ဂျင်နီယာဌာနခွဲမှူး ဦးလှထွန်း၊ အင်ဂျင်နီယာ ဦးတင့်ဇော်တို့က လုပ်ငန်းများဆောင်ရွက်နေမှုကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြို့တော်ဝန်သည် မြောက်ဥက္ကလာပအဝိုင်းနေရာမှ ဗိုလ်မှူးဗထူးလမ်းနှင့် ပြည်ထောင်စုလမ်းတစ်လျှောက်ရှိ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်နှင့် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်များသို့ တစ်ဆက်တစ်စပ်တည်း ၂၄ လက်မ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်များ သွယ်တန်းပြီးစီးနေမှု၊ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်များနှင့် သံမဏိပိုက်များ ဆက်သွယ်ထားမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက လုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်နှင့် တစ်ပြေးညီ ပြီးစီးရေး၊ စံချိန်စံညွှန်းပြည့်မီရေးတို့ကို မှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

အထက်ပါ ပိုက်ဆက်သွယ်မှု ပြီးစီးပါက ဗိုလ်မှူးဗထူးလမ်းနှင့်ပြည်ထောင်စုလမ်း တစ်လျှောက် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်နှင့် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ ရပ်ကွက်များသို့ ငမိုးရိပ်ရေပေးဝေရေးစခန်းမှသောက်သုံးရေများ ဖြန့်ဝေသွားနိုင်မည်ဖြစ်သည်။ ထို့အပြင် ဒဂုံမြို့သစ်တောင်နှင့် မြောက်မြို့နယ်များရှိ စက်မှုဇုန်များသို့ပါ ရေများဖြန့်ဝေသွားမည်ဖြစ်သည်။

ဆက်လက်၍လည်း ပင်မရေပိုက်လိုင်းကြီးနှင့် ဝေးသည့်ရပ်ကွက်များနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်) များသို့ပါ ရေပေးဝေသွားနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၁၉)

## ပညာသင်ထောက်ပံ့ကြေးနှင့် ဝတ်စုံဖိုးပေးအပ်

ရန်ကုန် ဇွန် ၁၅

ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြဦးက ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် ဝန်ထမ်းသားသမီး ၅၂ဦးအား ပညာသင်ထောက်ပံ့ကြေးငွေ ကျပ် ၂၀၃၀၀၀ နှင့် ဝန်ထမ်း ၇၇ဦးတို့၏ တူညီဝတ်စုံဖိုး ကျပ် ၈၂၈၀၀၀ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၁၀နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)** (မြို့နယ်ထွေ/အုပ်)




**ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ဒဂုံမြို့သစ်မြို့နယ်များသို့ ငမိုးရိပ်ရေ ပေးဝေရေးစခန်းမှ သောက်သုံးရေများ ဖြန့်ဝေနိုင်ရန် ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက်များ သွယ်တန်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (၁၉)





## ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်နှိုးဆော်

နေပြည်တော် ဇွန် ၁၅

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍ နှစ်ရှည်စီမံကိန်း လုပ်ငန်းစဉ်များကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပညာသင်နှစ်အလိုက် အခြေခံပညာကျောင်းအားလုံးတွင် ပညာရေး လက်တွေ့ ဖွံ့ဖြိုးမှု လုပ်ငန်းများကို ပညာရေးပြက္ခဒိန်ရေးဆွဲသတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

၂၀၀၇-၂၀၀၈ခု ပညာသင်နှစ် ပညာရေးပြက္ခဒိန်အရ ၂၀၀၇ခုနှစ် ဇူလိုင် ၁၅ရက်(တနင်္ဂနွေနေ့)ကို ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အဖြစ် သတ်မှတ်ထားပြီးဖြစ်သဖြင့် အဆိုပါနေ့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာ ကျောင်းအလိုက် ကျောင်းအုပ်ကြီးများ၏ဦးဆောင်မှုဖြင့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများက ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ယာဉ်စည်းကမ်း လမ်းစည်းကမ်း သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၁၅

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းတပ်ဖွဲ့က ဖွင့်လှစ်သော အခြားအဆင့် တပ်ဖွဲ့ဝင်များ ယာဉ်စည်းကမ်း လမ်းစည်းကမ်း သင်တန်းအမှတ်စဉ်(၄/၂၀၀၇) ဆင်းပွဲကို ဇွန် ၁၄ ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)(၃၆)ရပ်ကွက်ရှိ သီရိမြိုင်ယာဉ်မောင်းသင်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီး ဝင်းနိုင်တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းတွင် စွမ်းရည်သုံးရပ် ပထမဆုရ ရဲတပ်ကြပ် အောင်မျိုးခိုင်၊ ဒုတိယဆုရ ရဲတပ်ကြပ်ဝင်းမင်းထွန်း၊ တတိယဆုရ ရဲအရာခံ မင်းသူကြွယ်တို့အား ဒုတိယကွပ်ကဲရေးမှူး ရဲမှူးကြီးဝင်းနိုင်က ဆုများအသီးသီးချီးမြှင့်ပြီး သင်တန်းသားများ၏ သင်တန်းဆင်းလက်မှတ်များကို သင်တန်းဆင်းတပ်ဖွဲ့ဝင်များကိုယ်စား သင်တန်းသား တပ်ခွဲမှူးရဲအရာခံမောင်ဌေးသို့ ပေးအပ်သည်။

ယင်းသင်တန်းသို့ ပြည်နယ်/တိုင်း တပ်ရင်းတပ်ဖွဲ့ကျောင်းများမှ သင်တန်းသား အခြားအဆင့်တပ်ဖွဲ့ဝင် ၈၁ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။ (သတင်းစဉ်)



**လှိုင်မြို့နယ် အမှတ်(၉)ရပ်ကွက် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၂ရက်က ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးမင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (က-ပ)

**၂၀၀၇ခုနှစ် ဇူလိုင်လ ၁၅ ရက်၊ တနင်္ဂနွေနေ့**

**ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့**

**အခြေခံပညာကျောင်းအားလုံး ပါဝင်ဆင်နွှဲကြပါစို့**

ပညာရေးဝန်ကြီးဌာန

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၆-၆-၂၀၀၇ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ဘယ်လိုပြင်လို့နေပါ့မယ် တရားတော် (ဓမ္မဒူတ အရှင်ဆေကိန္ဒဆရာတော်) |
| ၈း၀၅ | တိမ်လိပ်ခြွေကျ မိုးယံနား၊ ဝေဟင်ပြတင်းဖွင့်လှစ်ထား |
| ၈း၂၅ | တေးဂီတအစီအစဉ် |
| ၈း၃၅ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၈း၅၀ | တေးဂီတအစီအစဉ် |
| ၉း၀၀ | မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း |
| ၉း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၉း၅၅ | စင်မြင့်ပေါ်မှ ဒီပလိုမာ နက္ခတ်ဗေဒင်ပညာ |
| ၁၀း၁၅ | တေးဂီတအစီအစဉ် |
| ၁၀း၂၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၂၅ | ကလေးတို့အတွက်လက်ဆောင် (တံဆိပ်တုံးကလေး) |
| ၁၀း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၅၀ | ကွမ်းစားခြင်းနှင့် ခံတွင်းရောဂါအန္တရာယ် (ပါမောက္ခ ဦးမြသော်) |
| ၁၁း၀၀ | ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ (အနုပညာရှင်များ) |
| ၁၁း၁၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၁း၁၅ | စက်မှု(၁)၏စွမ်းပကား ကျန်းမာရေးအတွက် အလေးထား (အင်ရောင်းဆေးဝါးစက်ရုံ) |
| ၁၁း၃၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၄၅ | Celebrity Style (ဝိုင်းစုခိုင်သိန်းနှင့် တွေ့ဆုံခြင်း) |
| ၁၂း၂၀ | တေးဂီတအစီအစဉ် |
| ၁၂း၂၅ | ပျော်ရွှင်စရာမျက်လှည့်ကမ္ဘာ (အပိုင်း-၁) |
| ၁၂း၃၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၂း၄၀ | တေးဂီတအစီအစဉ် |
| ၁၂း၄၅ | ပြည်ပဝင်ငွေတိုးစေဖို့ သားငါးကဏ္ဍမြှင့်တင်စို့ |
| ၁၂း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**✳ မြန်မာအမျိုးသမီးများနေ့မှ**

ပို့ဆောင်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၏ ဇနီးများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ဝင် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြသည်။

**ဆွေးနွေးဟောပြော**

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီဂီက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းဖွယ်ရာများ ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး ဒုတိယခေါင်းဆောင် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဒေါ်ကျင်စန်းက အမျိုးသမီးများ၏ ဥပဒေဆိုင်ရာ ရပိုင်ခွင့်များအကြောင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ဥပဒေပါမောက္ခ ဒေါက်တာဒေါ်သန်းနွဲ့က ကလေးသူငယ် ဥပဒေအကြောင်းကိုလည်းကောင်း ဟောပြောပို့ချသည်။

ထို့နောက် ဝန်ကြီးဌာနမိသားစုများ၏ အဖွဲ့ဝင် အဆိုပြုလွှာကော်လွှာများနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ အလှူငွေကျပ် ငါးသိန်းကို ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ဇနီး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီဂီက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီဂီက နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)






**မြန်မာအမျိုးသမီးများနေ့
၂၀၀၇ ခုနှစ်၊ ဇူလိုင်လ (၃) ရက်
MYANMAR WOMEN'S DAY
3rd July 2007**

# မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို အထိမ်းအမှတ်ဆိုင်းဘုတ် စိုက်ထူဖွင့်လှစ်ပွဲများ ကျင်းပ

ရန်ကုန် ဇွန် ၁၅

**၂၀၀၇ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အထိမ်းအမှတ်ဆိုင်းဘုတ် စိုက်ထူဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှေ့ မျက်နှာစာ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်(ရန်ကုန်တိုင်းတာဝန်ခံ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးကြသည်။**

**စိုက်ထူထား**

အစီအစဉ်အရ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမအရှေ့မျက်နှာစာ၌ စိုက်ထူထားသော မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဗဟန်းမြို့နယ် ဦးထောင်ဗိုလ်အဝိုင်း ရှေ့မျက်နှာစာ၌ စိုက်ထူထားသော မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဆိုင်းဘုတ်ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်နှင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

**မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်စဉ်။**
(မြို့တော်စည်ပင်)

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

အလားတူ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ဆိုင်းဘုတ် စိုက်ထူဖွင့်လှစ်ခြင်း အခမ်းအနားများကို စမ်းချောင်းမြို့နယ် မြေနီကုန်း၊ မရမ်းကုန်းမြို့နယ် (၈) မိုင်လမ်းဆုံ၊ မင်္ဂလာဒုံမြို့နယ် လေဆိပ်လမ်းဆုံ၊ မြောက်ဥက္ကလာပမြို့နယ် နဝဒေးလမ်းဆုံနှင့် တာမွေမြို့နယ် စည်ပင်အုပ်ချုပ်ရေးမှူးရုံး ရှေ့တို့၌လည်း တစ်ပြိုင်နက်တည်း ကျင်းပရာ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**● အာရီဇိုးနားမှ**

ဆရာဝန် ဂျော်ဒန်လီယိုနတ်ဒ်က ပြောကြားသည်။ ကလေးများကို မမွေးဖွားမီ ဒီဇင်ဘာလကကတည်းက မိခင်ဖြစ်သူတွင် ခြောက်မြွှာပူးကလေးများကို လွယ်ထားရကြောင်း သိခဲ့ရသည်ဟု ဖခင် ဘရိုးရင် မာရှေးက ပြောကြားသည်။

အာရီဇိုးနားပြည်နယ်၌ မွေးဖွားသော ခြောက်မြွှာပူး ကလေးများအနက် ပထမဦးဆုံး အသက်ရှင် ကျန်းမာစွာရှိနေသော ခြောက်မြွှာပူး ကလေးများပင်ဖြစ်သည်။

၎င်းတို့ကို မိဘများက ဘေလီအဲလီဇဘတ်၊ ဆဗားနာဂျိန်း၊ မိုလီဂရေ့စ်၊ ခိုးလ်ရောဘတ်၊ ဘလိတ်ခ်နီကိုလပ်စ်နှင့် ဂရန့်ဝီလီယမ်ဟူ၍ အမည်အသီးသီး ပေးထားသည်။

***အင်တာနက်***

# မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်တို့၌ ရေဝင်ရောက် နစ်မြုပ်ခဲ့

**နေပြည်တော် ဇွန် ၁၅**

မန္တလေးခရိုင်အတွင်း ဇွန် ၁၃ ရက်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်တို့၌ ရေဝင်ရောက်နစ်မြုပ်ခဲ့ကြောင်း၊ ပြည်ကြီးတံခွန်မြို့နယ်၌ ရပ်ကွက်အချို့အတွင်း ရေဝင်ရောက်နစ်မြုပ်သဖြင့် ရေဘေးသင့်ပြည်သူများအား ဒေသအာဏာပိုင်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များက ရပ်ကွက်မွှာရုံနှင့် ကျန်းမာရေးဌာနများတွင်နေရာချထားပေးပြီး လိုအပ်သည်များ ကူညီပံ့ပိုး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အမရပူရမြို့နယ်ရှိ ကျေးရွာအချို့၌ နွေစပါးစိုက်ခင်းများအတွင်း ရေဝင်ရောက်ခဲ့သဖြင့် မြို့နယ်တာဝန်ရှိသူများက ကွင်းဆင်းကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများ လာရောက်လေ့လာ

**ရန်ကုန် ဇွန် ၁၅**

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံ သင်တန်းအမှတ်စဉ် (၅) နောက်ဆုံးနှစ် သင်တန်းသား ၅၈ ဦးသည် အုပ်ချုပ်သူ၊ နည်းပြ အရာရှိ ငါးဦး ဦးဆောင်လျက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အစည်းအဝေးခန်းမသို့ ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် ရောက်ရှိ လေ့လာကြသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ ဒေါ်ခင်မြဝင်းက အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အသင်း၏ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေး စောင့်ရှောက်မှုလုပ်ငန်းများကို အသေးစိတ်ရှင်းလင်း ပြောကြားပြီး အမှုဆောင်ညွှန်ကြားရေးမှူးက ထောင်စုနှစ်ရည်မှန်းချက်များနှင့် အသင်း၏ လုပ်ငန်းစဉ်များ ဆက်စပ်ပုံတို့ကို ရှင်းလင်းပြောကြားသည်။

**လှည့်လည်ကြည့်ရှုလေ့လာ**

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် နောက်ဆုံးနှစ် သင်တန်းသားများသည် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဝင်းအတွင်းရှိ ရောဂါရှာဖွေရေးဆေးခန်းနှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြိုကျောင်းများသို့ လှည့်လည်ကြည့်ရှု လေ့လာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်း

ရန်ကုန် ဇွန် ၁၅

**မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဘဏ္ဍာရေးမှူး ဒေါ်ခင်သန်းဝင်း၊ ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်နွယ်နွယ်နှင့် ဒေါက်တာ ဒေါ်ခင်မြဝင်းတို့သည် ယနေ့နံနက်ပိုင်းတွင် သင်္ဃန်းကျွန်းမြို့နယ် သာသနာ့ဂုဏ်ရည် သီလရှင်သင်(အမျိုးသမီး) ပညာရေးကျောင်းသို့ရောက်ရှိပြီး ကျောင်းသုံးစာရေးကိရိယာများနှင့် အလှူငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းသည်။** (အောက်ယာပုံ)

ရှေးဦးစွာ ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်နွယ်နွယ်က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထားပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ကျောင်းသုံးစာရေးကိရိယာများနှင့် အလှူငွေတို့ကို သာသနာ့ဂုဏ်ရည် သီလရှင်သင်(အမျိုးသမီး) ပညာရေးကျောင်း ပဓာနနာယကဆရာကြီး ဒေါ်ခေမာစာရီထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် သန်လျင်မြို့နယ် သဒ္ဓမ္မဇောတိက ရွှေကျင်ကျောင်းတိုက်ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့သွားရောက်၍ ကျောင်းသုံး စာရေးကိရိယာများနှင့် အလှူငွေများ လှူဒါန်းသည်။

အခမ်းအနားတွင် ဗဟိုအလုပ်အမှုဆောင် ဒေါက်တာဒေါ်ခင်မြဝင်းက ကျောင်းသုံးစာရေးကိရိယာများ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းလျှောက်ထား၍ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ လှူဒါန်းသည့် ကျောင်းသုံး စာရေးကိရိယာများနှင့် အလှူငွေကျပ် တစ်သိန်းတို့ကို ကျောင်းထိုင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအရှင်ကိတ္တိကထံ ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ကျွန်တော်တို့ကတော့ ဒီနေ့ တပ်မတော်အစိုးရဟာ ၅၅ သန်းသော ပြည်သူတွေရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်အောင် သူတတ်နိုင်သလောက် အစွမ်းကုန် ကြိုးစားနေတယ်လို့ ယုံတယ်။ ကျွန်တော်တို့ မျက်စိထဲမှာတော့ (၁၉)နှစ်သား ကျွန်တော်တို့နိုင်ငံဟာ လှလို့ပလို့၊ ကြော့လို့၊ မော့လို့၊ အနာဂတ်မျှော်လင့်ချက်တွေနဲ့ ပြည့်နေတာကို မြင်တယ်။**

**မှာတော့ (၁၉)နှစ်သား ကျွန်တော်တို့နိုင်ငံဟာ လှလို့ပလို့၊ ကြော့လို့၊ မော့လို့၊ အနာဂတ်မျှော်လင့်ချက်တွေနဲ့ ပြည့်နေတာကိုမြင်တယ်။**

ခင်ဗျားတို့ကတော့ ... ဘာတဲ့ ...

လျှပ်စစ်မီးအခြေအနေကတော့ မီတာဘောက်ထဲ လက်နဲ့နှိုက်ကြည့်ရင်တောင် ဘာမှဖြစ်မှာမဟုတ်ဘူးတဲ့၊ သတင်းစာကိုင်ကြည့်ရင်တော့ သတင်းစာက ဓာတ်လိုက်သတဲ့။

အတော်လေး ကလိလိုက်တဲ့ စကားပါပဲ၊ ဒါပေမယ့်ဗျာ ...

ခင်ဗျာတို့ခေါင်းထဲမှာ ဦးနှောက်ပါတယ်ဆိုရင်တော့ အခုရေတွင်းတူး၊ အခုရေကြည်သောက်လို့ မရဘူးဆိုတာကိုတော့ ဆင်ခြင်တွေးဆနိုင်လိမ့်မယ်လို့ ထင်ပါတယ်၊ ရေအားလျှပ်စစ်တစ်ခု တည်ဆောက်ရင် အနည်းဆုံး (၄)၊ (၅)နှစ်တော့ ကြာတယ်ဗျ။ e.book တွေ၊ e.newspaper တွေ၊ Digital newspaper တွေ ဖြစ်လာတဲ့အချိန်ကျရင်တော့ ခင်ဗျားတို့ပြောသလို သတင်းစာက ဓာတ်မလိုက်နိုင်ဘူးလားလို့ မေးပါရစေ၊ အဲဒီအချိန်ကျရင် ခင်ဗျားတို့လက်မှာ ရေစိုမနေပါစေနဲ့၊ ကောင်းတဲ့ဘက်က ရှုမြင်တတ်စေချင်ပါတယ်။

သူများဝေဖန်တာတော့ ဟုတ်ပါပြီ၊ ခင်ဗျားတို့ကိုယ်တိုင်ကရော ဒီလိုရေအားလျှပ်စစ်စီမံကိန်းကြီးတစ်ခုကို ၃၊ ၄ လနဲ့ ပြီးအောင် တည်ဆောက်နိုင်ပါမလားလို့မေးရင် ဘယ်လိုဖြေမလဲ။

ရဲရွာ၊ ထမံသိ၊ ရွှေလီ၊ ရွှေစာရေး၊ သံလွင်၊ ပေါင်းလောင်းတွေပြီးရင် နေရာအနှံ့ လျှပ်စစ်မီးလင်းနိုင်မှာပါ။ ဒီနေ့မြန်မာနိုင်ငံတစ်ဝန်းလုံး နယ်စပ်ဒေသပါမကျန် ကြည့်လိုက်စမ်းပါ၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး စတဲ့ ပြည်သူလူထုအတွက် လိုအပ်ချက်ဘက်ပေါင်းစုံကို တိုးတက်အောင် လုပ်ဆောင်ထားတဲ့ နိုင်ငံတော်အစိုးရနဲ့ပြည်သူ ပူးပေါင်းဆောင်ရွက်မှု အမှန်တရားတွေလေ၊ အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးအတွက် မရှိမဖြစ်လိုအပ်တဲ့ အခြေခံတွေကို တည်ဆောက်ပေးနေတာလေ၊ ခင်ဗျားတို့က လက်ရှိအစိုးရဟာ ရွေးကောက်တင်မြှောက်ထားတဲ့ အစိုးရမဟုတ်ဘူးလို့ လေလှိုင်းက အော်အော်ပြီး ပြည်သူကို အမြဲသွေးထိုးနေတယ်၊ လက်ရှိအစိုးရဟာ ရွေးကောက်တင်မြှောက်ခံထားရတဲ့ အစိုးရမဟုတ်ဘူးဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် ရွေးကောက်တင်မြှောက်ခံထားတာမဟုတ်တဲ့ အဲဒီတပ်မတော်အစိုးရကပဲ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတွေကို ဘယ်ခေတ်တုန်းကနဲ့မှ မတူအောင် ရယူလုပ်ဆောင်ပေးတာ မဟုတ်လား၊ ဘယ်ခေတ်တုန်းကမှ မရခဲ့ဖူးတဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုတွေကို ရအောင်ဆောင်ရွက်ပေးနေတာ မဟုတ်လား၊ အဲဒီဖွံ့ဖြိုးတိုးတက်မှုတွေရဲ့ အသီးအပွင့်တွေကို ပြည်သူတွေ ရရှိခံစားနေကြရပြီမဟုတ်လား၊ ဒါတွေကျတော့ ခင်ဗျားတို့က ဘာလို့ အသိအမှတ်ပြု ပြောဆိုထုတ်လွှင့်ခြင်း မပြုကြတာလဲ၊ ဒေါ်လာမျက်နှာကြောင့် မပြောရဲ၊ မထုတ်လွှင့်ရဲကြဘူး မဟုတ်လား။

**ပုဂ္ဂိုလ်များခင်ဗျား၊ နိုင်ငံတော်အစိုးရက အဲဒီနိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးတွေကို ခင်ဗျားတို့ရဲ့ အဖျက်အမှောင့်၊ အနှောင့်အယှက်၊ အဟန့်အတားအမျိုးမျိုးတွေကြားထဲက ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ကြရတာဖြစ်ပါတယ်။ တကယ်လို့သာ အဲဒီ အဖျက်အမှောင့်လုပ်ရပ်တွေ မရှိခဲ့ဘဲ၊ အပိတ်အဆို့တွေမရှိခဲ့ဘဲ အားလုံးက ပူးပေါင်းဆောင်ရွက်ခဲ့ကြမယ်ဆိုရင်၊ အကူအညီ အထောက်အပံ့တွေပေးခဲ့ကြမယ်ဆိုရင် လက်ရှိထက် နှစ်ဆ တိုးတက်အောင်မြင်နိုင်တယ်လို့ ယုံကြည်ပါတယ်၊ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီနိုင်ငံတော် အဖြစ်တောင် စတင်လျှောက်လှမ်းနေလောက်ပြီလို့လည်း ယုံကြည်ပါတယ်၊ ဒါကြောင့် အမှန်ကိုအမှန်၊ အရှိကိုအရှိအတိုင်း သိဖို့၊ လုပ်ဖို့ ကြိုးစားစေချင်ပါတယ်။ ဒါတွေကိုပစ်ပယ်ပြီး လက်ရှိအစိုးရ မကောင်းဘူးဆိုတာကိုပဲ မျက်စိမှိတ်ပြီး အော်နေတာကတော့ သဘာဝမကျတဲ့အပြင် အောက်တန်းလဲ ကျလွန်းပါတယ်။** ကျွန်တော် တစ်ခုပြောမယ်၊ လောကမှာ ဘာအရေးကြီးဆုံးလဲဆိုရင်–

**(၁) မိကောင်း၊ ဖကောင်းနဲ့ ဆုံတွေ့နိုင်ဖို့၊**

**(၂) ဆရာကောင်း၊ သမားကောင်းရဲ့အရိပ်ကို ခိုလှုံနိုင်ဖို့၊**

**(၃) မိမိရဲ့ အသက်မွေးဝမ်းကျောင်းမှု လွဲချော်မသွားစေဖို့၊**

**(၄) အယူဝါဒ လွဲမှားမသွားစေဖို့၊**

**(၅) အများအကျိုး ဆောင်ရွက်နိုင်ဖို့၊**

**(၆) မိမိကိုယ် မိမိ ဆုံးမတတ်ဖို့**

ဆိုတာ အရေးအကြီးဆုံးပဲလို့ ထင်ပါတယ်၊ ခင်ဗျားတို့၊ ကျွန်တော်တို့ အနေနဲ့ အဲဒီအချက်အလက်တွေနဲ့ ဘယ်နှစ်ချက်ကိုက်ညီသလဲဆိုတာ အဖြေရှာပြီး ကိုယ့်ကိုယ်ကို ပြုပြင်နိုင်ကြပါစေလို့ ဆုတောင်းပါတယ်။

တစ်ဆက်တည်းပဲ တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီးရဲ့ မြန်မာပြည်နဲ့ပတ်သတ်လို့ တရားပွဲများ ထည့်ဟောလေ့ရှိတဲ့ ဟောကြားချက်ကို ပြောပြလိုပါသေးတယ်၊ ဆရာတော်ဘုရားကြီးက **"မြန်မာပြည်ကြီး ဘာဖြစ်လာမယ်။ ညာဖြစ်လာမယ်နဲ့ တချို့လူတွေက ဘုန်းကြီးနား လာလာပြီးပြောလိုက်ကြတာ၊ မြန်မာပြည်ကြီး ဘာမှ မဖြစ်ဘူးမှတ်၊ မြန်မာပြည်က သူတော်ကောင်းတွေပေါတဲ့ တိုင်းပြည်ဖြစ်တယ်"** လို့ ဟောကြားလေ့ရှိပါတယ်၊ ဒါဟာ ဆရာတော်ဘုရားကြီးက အပရိဟာနိယတရား(၇)ပါးဆိုတဲ့ သူတော်ကောင်းတရားနဲ့အညီ ကျင့်သုံးလုပ်ကိုင်နေမှုကို ရည်ညွှန်းဟောကြားတာပါ။ အဲဒါတွေကတော့–

**(၁) အစဉ်အမြဲ တွေ့ဆုံစည်းဝေးသမျှကာလပတ်လုံး မပျက်စီးနိုင်၊**

**(၂) တွေ့ဆုံဆွေးနွေး ညှိနှိုင်းဆုံးဖြတ်နေသမျှ ကာလပတ်လုံး မပျက်စီးနိုင်၊**

**(၃) ပညတ်ချက်များကိုလိုက်နာပြီး မပညတ်သည်ကို မပညတ် သည့်အတိုင်း ဆောင်ရွက်သမျှ မပျက်စီးနိုင်၊**

**(၄) အသက်အရွယ် ဂုဏ်အင်္ဂါကြီးသူတို့ကို လေးစားပြီး ဆုံးမမှုကို လိုက်နာနေသမျှ မပျက်စီးနိုင်၊**

**(၅) နတ်ကွန်းနတ်နန်း၊ စေတီပုထိုးတို့ကို အစဉ်အလာအတိုင်း ပူဇော်ပသလေသမျှ မပျက်စီးနိုင်၊**

**(၆) အမျိုးသမီးကြီးငယ်တို့အား အနိုင်အထက်မပြုသမျှ မပျက်စီးနိုင်၊**

**(၇) ရဟန္တာတို့မရောက်သေးက ရောက်ရှိစေရန်နှင့် ရောက်နေသည့် ရဟန္တာတို့ကို လှူဒါန်းဆည်းကပ်လေသမျှ မပျက်စီးနိုင် ဆိုတာပါပဲ။**

ဒီတရားများနဲ့အညီ အဆင့်ဆင့်က ကျင့်သုံးဆောင်ရွက်နေကြတာမို့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာ ဆက်လက်ဖွံ့ဖြိုး တိုးတက်ဖို့ပဲ ရှိပါတယ်။

**ဒါကြောင့် ခင်ဗျားတို့အနေနဲ့လည်း ကိုလိုနီနယ်ချဲ့လက်သစ်တွေ အလိုကျ အော်ဟစ်ပေးနေရတာတွေကို ရပ်သင့်ပါပြီ၊ ရုပ်သေးရုပ်အစိုးရ ပေါ်ပေါက်လာရေးအတွက် ဆောင်ရွက်နေတာတွေကို ရပ်သင့်ပါပြီ၊ နိုင်ငံကို ခေတ်သစ်ကိုလိုနီကျွန်ဖြစ်အောင် လုပ်နေတာတွေကို ရပ်သင့်ပါပြီ၊ အခြေခံကောင်းတွေ၊ အလားအလာကောင်းတွေနဲ့ ခိုင်မာနေပြီဖြစ်တဲ့ နိုင်ငံတော် တည်ဆောက်ရေးမှာ ပါဝင်ပူးပေါင်း ဆောင်ရွက်သင့်ပါပြီ၊ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် ထူထောင်ရေးမှာ ပါဝင်ပူးပေါင်း ဆောင်ရွက်သင့်ပါပြီလို့ ပြောပါရစေတော့။**

# အာဆီယံနိုင်ငံများမှ လျှပ်စစ်ဓာတ်အားရောင်းချသည့် အဖွဲ့အစည်းနှင့် အာဏာပိုင်အဖွဲ့အစည်း အကြီးအကဲများ၏ (၂၃)ကြိမ်မြောက် အစည်းအဝေးနှင့် ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းကော်မတီအစည်းအဝေး လက်ခံကျင်းပရေး ညှိနှိုင်း

နေပြည်တော် ဇွန် ၁၅

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဇွန် ၁၃ရက် နံနက်ပိုင်းတွင် အာဆီယံနိုင်ငံများမှ လျှပ်စစ်ဓာတ်အားရောင်းချသည့် အဖွဲ့အစည်းနှင့် အာဏာပိုင်အဖွဲ့အစည်း အကြီးအကဲများ၏ (၂၃)ကြိမ်မြောက် အစည်းအဝေး (HAPUA-XXIII) နှင့် ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းကော်မတီအစည်းအဝေး (6 th HAPUA Working Committee Meeting)အား မြန်မာနိုင်ငံတွင် လက်ခံကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။**

အစည်းအဝေးသို့ လျှပ်စစ်စွမ်းအား ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းထွန်း၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ်ရုံးမှ ရဲမှူးချုပ်စိုးဝင်းမြင့်၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ သတ္တုတွင်း ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းမြင့်၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာထွန်းနိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် အာဆီယံအစည်းအဝေးများသည် အဖွဲ့ဝင်နိုင်ငံများမှ နှစ်စဉ် အလှည့်ကျ နိုင်ငံအမည် အက္ခရာစဉ်အလိုက် အိမ်ရှင်နိုင်ငံ အဖြစ် လက်ခံပေးရကြောင်း၊ ယခု အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လျှပ်စစ်ဓာတ်အား ကဏ္ဍမှ အကြီးအကဲများနှင့် အင်ဂျင်နီယာများ တက်ရောက်ကြမည် ဖြစ်ကြောင်း၊ နေပြည်တော်ရှိ မြို့တော်ခန်းမ၌ ယခုကဲ့သို့ အဆင့်မြင့် အစည်းအဝေးအား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီး၏ ဝိုင်းဝန်းကူညီ ဖြည့်ဆည်းပေးမှုများ လိုအပ်၍ ယခုကဲ့သို့ အစည်းအဝေးခေါ်ယူ၍ ညှိနှိုင်းရခြင်းဖြစ်ကြောင်း၊ အစည်းအဝေး အောင်မြင်ချောမောစွာ ကျင်းပနိုင်ခြင်းဖြင့် နိုင်ငံ၏ဂုဏ်သိက္ခာ မြင့်တင်နိုင်မည်ဖြစ်ပါ၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်သွားကြပါရန် ပြောကြားသည်။ ထို့နောက် ဌာနဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများသည် ဆောင်ရွက်ရမည့် လုပ်ငန်းအလိုက် ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းနောက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က နိဂုံးချုပ် အမှာစကား ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၁၂) ဖြန့်ချိ

**ရန်ကုန် ဇွန် ၁၅**

ဝါဆိုလဆန်း ကရကင့် ရာသီအခါသမယတွင် ရာသီပန်းဖြစ်သော ပုန်းညက်ပန်းများ ဖူးပွင့်မှုနှင့်အတူ ကျေးလက်ပြည်သူတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် သုတ၊ ရသ၊ ဗဟုသုတအဖြာဖြာ ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၁၂)အား ယနေ့ ထုတ်ဝေလိုက်ပြီဖြစ်သည်။ **(ယာပုံ)**



ယခုတစ်ပတ် ဒို့ကျေးရွာဂျာနယ်တွင် မိုးသီးနှံ ထုတ်ကုန်တိုးစေဖို့ ဒို့ကျေးရွာတွေ ဆောင်ရွက်စို့(၂)၊ ကိုယ့်မျိုးကိုယ်ထား တစ်နိုင်တစ်ပိုင် မျိုးသန့်ပွား၊ မှိုစိုက်ကြမလား စသည့် စိုက်ပျိုးရေး ဆောင်းပါးများ၊ မိုးဦးကျတွင် အဖြစ်များသည့် ကျွဲ၊ နွား ခွာနာ လျှာနာရောဂါ ကြိုတင်ကာကွယ်ပါ၊ ဒို့ကျေးရွာ ဘဲမွေးမြူရေး၊ ရေသယံဇာတ မပြုန်းတီးရန် မျိုးစိုက်ထည့်ကာ ထိန်းသိမ်းပါ စသည့် မွေးမြူရေးဆောင်းပါးများ၊ ဆေးအသုံးဝင် ကင်းပုံပင်၊ ကျန်းမာရေးနှင့်အညီ သွားတိုက်နည်း စသည့် ကျန်းမာရေးဆောင်းပါးများ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာတို့ အပြင် အလိမ္မာပုံဝတ္ထု၊ ဟာသ၊ ကာတွန်း၊ မြန်မာဗီဒီယိုဓာတ်လမ်းများ၊ ကျန်းမာရေးနှင့် စီးပွားရေးရာ သတင်းအတိုအထွာများဖြင့် သုတ၊ ရသ စုံလင်စွာဖြင့် ဝေဝေဆာဆာ ဖော်ပြထားပါသည်။

ဒို့ကျေးရွာဂျာနယ်အား အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင် စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ် ၁၅၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။ ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ်-၂၂/၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

## ၁၆-၆-၂၀၀၇ (စနေနေ့)

**နံနက်ပိုင်း**

ဂ၊၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
ဂ၊၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
ဂ၊၃၀ ၃။ နံနက်ခင်းသတင်း
ဂ၊၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
ဂ၊၅၅ ၅။ အတီးပြိုင်ပွဲ
၈၊၀၅ ၆။ လှပဝင့်ကြွား ဖောင်တော်ဦးဆိပ်ခံတံတား
၈၊၁၅ ၇။ တေးဂီတအစီအစဉ်
၈၊၃၀ ၈။ International News.
၈၊၄၅ ၉။ Granmar Made Easy.
၉၊၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁၊၀၀ ၁။ စစ်သည်တေး
၁၁၊၁၅ ၂။ တေးဂီတအစီအစဉ်
၁၁၊၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂၊၅၅ ၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၊၀၀ ၅။ "တော်ကြပါတော့ဗျာ၊ သွားကြပါတော့ဗျာ"
၁၊၁၀ ၆။ **"ကိုယ်ချင်းစာ" (ပြေတီဦး၊ခင်ဇာခြည်ကျော်) (ဒါရိုက်တာ-ဦးခင်ဇော်)**
၁၊၄၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၊၅၅ ၈။ အဆိုပြိုင်ပွဲ
၂၊၀၀ ၉။ စွန်ချောင်းရေလှောင်တမံ
၂၊၂၀ ၁၀။ အကပြိုင်ပွဲ
၂၊၃၀ ၁၁။ **"အား- - နာတယ်" (ခန့်စည်သူ၊ မိုးပြည့်ပြည့်မောင်၊ ရောဇာမျိုးမျိုးခိုင်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)**
၂၊၃၅ ၁၂။ International News.
၃၊၀၀ ၁၃။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄၊၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄၊၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄၊၃၀ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄၊၄၀ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄၊၅၅ ၅။ အတီးပြိုင်ပွဲ
၅၊၁၅ ၆။ တေးဂီတအစီအစဉ်
၅၊၃၀ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆၊၀၀ ၈။ ညနေခင်းသတင်း
၆၊၃၀ ၉။ မိုးလေဝသအခြေအနေ
၆၊၃၅ ၁၀။ အလှရှာမယ် လှကမ္ဘာဝယ်
ဂ၊၀၀ ၁၁။ စေတနံ၊ကမ္မံ၊ဘိက္ခဝေ (အပိုင်း-၂)
ဂ၊၁၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း-၃၄)**
၈၊၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းနှင်းဆီ"(အပိုင်း-၂၅)**
၁၇။ နောက်တစ်နေ့အစီအစဉ်
၁၈။ အစီအစဉ်ပြီး၏။

# ရန်ကုန်အနောက်ပိုင်းခရိုင် ၂၀၀၇ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်းနှင့် ခြစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ ရန်ကုန်တက္ကသိုလ်လှိုင်နယ်မြေ၌ ကျင်းပ

ရန်ကုန် ဇွန် ၁၅

**ရန်ကုန်အနောက်ပိုင်းခရိုင်၏ ၂၀၀၇ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးခြင်းနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲအခမ်းအနားကို ဇွန် ၁၃ ရက် နံနက် ၇နာရီတွင် ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေ သဇင်ဆောင်ရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။**



ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့ဝင်များအား ဧည့်ခန်းမဆောင်၌ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်က ခရိုင်အတွင်း မိုးရာသီ သစ်ပင်နှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးပြီးစီးမှု အခြေအနေနှင့် ဆက်လက်စိုက်ပျိုးရန် လျာထားချက်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

**မှာကြား**

ဆက်လက်၍ တိုင်းမှူးက နိုင်ငံတော်က အမျိုးသားရေးတာဝန်အဖြစ် ချမှတ်ထားရှိသော သစ်ပင်နှင့် ခြံစည်းရိုးကြက်ဆူပင်များကိုလျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားကြရန်နှင့် စိုက်ပျိုးပြီးစီးသော အပင်များရှင်သန်ဖြစ်ထွန်းရေးကိုလည်း အထူးဂရုစိုက်ထိန်းသိမ်းသွားကြရန် မှာကြားသည်။

**ပေးအပ်**

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များက အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များနှင့်လူမှုရေး အသင်းအဖွဲ့များအား ပျိုးပင်များပေးအပ်၍ တာဝန်အပ်နှင်းကာ အမှတ်တရ သစ်ပင်များစိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့သည် ကျောင်းဝင်းအတွင်းနှင့် မင်းခမ္မလမ်း တစ်လျှောက် လမ်းဘေး ဝဲ၊ ယာ၌ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများက စုပေါင်း၍ မိုးရာသီ သစ်ပင်နှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ရန်ကုန်အနောက်ပိုင်းခရိုင်၏ ၂၀၀၇ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးခြင်းနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပျိုးပင်များကို ပေးအပ်စဉ်။**

(သတင်းစဉ်)

## ကျိုက်ဝိုင်းစေတီ တောင်ဘက်စောင်းတန်းတော် တည်ဆောက်ရေးအတွက် အလှူငွေများလှူဒါန်း

**ရန်ကုန် ဇွန် ၁၅**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်း စေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် လသာမြို့နယ် ၂၃ လမ်းနေ ဦးဝင်း မိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ စေတီတော် ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးအေးကို၊ ဦးသိန်းထွန်း၊ ဦးအုန်းကြိုင်တို့က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းကို ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း -၆၆၀၀၀၆၊ ၇၁၀၇၃၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ကြေးမုံ)**

**ရွှေတိဂုံစေတီယင်္ဂဏအသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ အကျိုးတော်ဆောင်ချုပ် ဦးဝင်းလှိုင်တို့ ဦးဆောင်၍ အသင်းသူ၊ အသင်းသားများ၊ ဈေးသူ၊ ဈေးသားများစုပေါင်း၍ ဆွမ်းလောင်းလှူပွဲကို ဇွန် ၁၀ ရက်က အလုံမြို့နယ် သီရိမင်္ဂလာဈေးရှေ့၌ကျင်းပရာ သာခုပရိယတ္တိစာသင်တိုက် ရွှေညဝါပရိယတ္တိ သင်တန်းတက်ရောက်နေကြသည့် သံဃာတော် အပါး ၁၅၀၀ ကြွရောက်အလှူခံကြစဉ်။**

(က-ပ)





**ရန်ကုန်မြို့ လှိုင်မြို့နယ် ဗဟိုလမ်းရှိ လှိုင်ရတနာ ပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်မည့် သန္တာရတနာဘောဂသုံးထပ်ကျောင်းဆောင်သစ်အတွက် ကမာရွတ်မြို့နယ်နေ ဦးချောင်ရန်ဟိန်းအား ရည်စူး၍ ဒေါ်ခင်ရီ၊ သမီး မစုစုမျိုး မိသားစုတို့က အလှူငွေကျပ် ငါးသိန်းကို လှိုင်ရတနာဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။**

(က-ပ)

## ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်စက်မှုအသင်းချုပ်နှင့် ပြည်ပစီးပွားရေးကိုယ်စားလှယ်အဖွဲ့များတွေ့ဆုံဆွေးနွေး

**ရန်ကုန် ဇွန် ၁၅**

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်း၊ ဦးအောင်လွင်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာမောင်မောင်လေးနှင့် တွဲဖက်အတွင်းရေးမှူး(၂)ဦးထွန်းအောင်တို့ဦးဆောင်သော ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များပါဝင်သည့်အဖွဲ့အား ဇွန် ၁၁ ရက် မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှ Mr. Ke Peng Su, Chairman, Beijing Beiao International Travel Service Co.,Ltd ဦးဆောင်၍ အဖွဲ့ဝင် ၁၉ဦး ပါဝင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှု တိုးမြှင့်ဆောင်ရွက်လုပ်ကိုင်နေမှုအခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရင်းနှီးစွာဆွေးနွေးကြသည်။ **(အောက်ပုံ)**

**ဆွေးနွေး**

ဇွန် ၁၂ရက်နံနက်ပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံ GS Engineering and Construction မှ Mr. Kim Sung Sik, Business Development Director ခေါင်းဆောင်၍ အဖွဲ့ဝင် ခြောက်ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် အသင်းချုပ်ရုံးသို့ လာရောက်၍ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးထွန်းအောင် နှင့် ဗဟိုအလုပ်အမှုဆောင်များအား တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ Infrastructure လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်နိုင်မည့် အခွင့်အလမ်းများ ဆိုင်ရာကိစ္စ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများကို ရင်းနှီးစွာဆွေးနွေးကြသည်။

(သတင်းစဉ်)




**မြန်မာနိုင်ငံ တောင်တန်းဒေသ ဗုဒ္ဓဘာသာ သာသနာပြုအဖွဲ့ စတုပစ္စယငွေပဒေသာပင်အတွက် ကမာရွတ်မြို့နယ်၊ အင်းယားလမ်းနေ ဦးတင်ရွှေ-ဒေါ်မွေး (ခိုင်ရွှေဝင်းကုမ္ပဏီ) မိသားစုက အလှူငွေကျပ် တစ်သိန်းကို အဏ္ဏဝါခမ္မာရုံ၊ ၁၄/ခ ကြားတောရလမ်း၊ ဗဟန်းတွင် ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ အဏ္ဏဝါဦးသန်းအောင် လက်ခံရယူစဉ်။**

(က-ပ)



## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၁၆-၆-၂၀၀၇ (စနေနေ့)**

**နံနက်ပိုင်း**

**၇:၀၀** ၁။ မြဝတီအဖွင့်
**၇:၀၅** ၂။ အဖွင့်သီချင်း
**၇:၁၀** ၃။ မျိုးချစ်တပ်မတော်
**၇:၁၅** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
**၇:၂၅** ၅။ မြန်မာသံစဉ်ချိုနားဝင်
**၇:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
**၇:၄၀** ၇။ သာယာသီကြွေးခေတ်ဆန်းတေး
**၇:၅၀** ၈။ အမျိုးသားရေးလက္ခဏာညွှန်းဖွဲ့ တေးကဗျာ
**၈:၀၀** ၉။ မြဝတီရုပ်မြင်သံကြားသတင်း
**၈:၁၀** ၁၀။ အမျိုးသားရေးလက္ခဏာညွှန်းဖွဲ့ တေးကဗျာ
**၈:၁၅** ၁၁။ အပိတ်နှုတ်ဆက်စကား
**၈:၁၆** ၁၂။ပြီးပါပြီ။

**နေ့လယ်ပိုင်း**

**၁၂:၀၀** ၁။ မြဝတီအဖွင့်
**၁၂:၀၅** ၂။ အဖွင့်သီချင်း
**၁၂:၁၀** ၃။ မျိုးချစ်တပ်မတော်
**၁၂:၂၀** ၄။ သာယာသီကြွေးခေတ်ဆန်းတေး
**၁၂:၂၅** ၅။ ကျန်းမာသုတ
**၁၂:၃၀** ၆။ **ရုပ်မြင်သံကြားဇာတ်လမ်း ပြန်ပြောပြဖို့တော်တော်ခက်လိမ့်မယ် (လွင်မိုး၊ ရာဇာနေဝင်း၊ မင်းဟိန်း၊ နန္ဒာလှိုင်) ဒါရိုက်တာ-မောင်မျိုးမင်း**
**၁:၅၀** ၇။ အမျိုးသားရေးလက္ခဏာညွှန်းဖွဲ့ တေးကဗျာ
**၁:၅၅** ၈။ အပိတ်နှုတ်ဆက်စကား
**၂:၀၀** ၉။ ပြီးပါပြီ။

**ညပိုင်း**

**၄:၀၀** ၁။ မြဝတီအဖွင့်
**၄:၀၅** ၂။ အဖွင့်သီချင်း
**၄:၁၀** ၃။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
**၄:၃၅** ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
**၅:၃၅** ၅။ သာယာသီကြွေးခေတ်ဆန်းတေး
**၆:၀၀** ၆။ မြဝတီရုပ်မြင်သံကြားသတင်း
**၆:၁၀** ၇။ နိုင်ငံတကာသတင်း
**၆:၃၀** ၈။ အမျိုးသားရေးလက္ခဏာညွှန်းဖွဲ့ တေးကဗျာ
**၆:၄၀** ၉။ လျှပ်တစ်ပြက်ရိုက်ချက်
**၆:၄၅** ၁၀။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
**၇:၀၀** ၁၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပဲပေါင်မုန့်" (အပိုင်း-၂)**
**၈:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၁၃။ မိုးလေဝသသတင်း
၁၄။ အမျိုးသားရေးလက္ခဏာညွှန်းဖွဲ့ တေးကဗျာ
၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်းရှစ်ကွက်"(အပိုင်း-၃၇)**
၁၇။ သင့်အတွက်မနက်ဖြန်
၁၈။ အပိတ်နှုတ်ဆက်စကား
၁၉။ ပြီးပါပြီ။

# အလုံမြို့နယ်လုံးကျွတ် ဆွမ်းဆန်တော်ဆက်ကပ်

ရန်ကုန် ဇွန် ၁၅

အလုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အလုံမြို့နယ်လုံးကျွတ် ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲကို ဇွန် ၁၄ရက် မွန်းလွဲ ၁နာရီက အလုံမြို့နယ် ခန်းမ၌ ကျင်းပရာ မြို့နယ်အတွင်းရှိ စာသင်တိုက်ကြီး ရှစ်တိုက်မှ နာယက ဆရာတော်ကြီးများ အမှူးပြုသော သံဃာတော်များ ကြွရောက်ကြပြီး စေတနာရှင် ပြည်သူများတက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး အနုမောဒနာ တရားနာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။



(အပေါ်ပုံ) စာသင်တိုက်ကြီး ရှစ်တိုက်သို့ တာဝန်ရှိသူများက ဆွမ်းဆန်တော်အိတ်များ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက်လှူဒါန်းမှု အစုစုအတွက်

(က–ပ)

# အရှေ့တောင်အာရှပွဲယှဉ်ပြိုင်မည့် မြားပစ်၊ ရေကူးနှင့် ဒိုင်ဗင်အားကစားသမားများအား တွေ့ဆုံမှာကြား

ရန်ကုန် ဇွန် ၁၅

**ထိုင်းနိုင်ငံတွင် ဒီဇင်ဘာ ၆ရက်မှ ၁၅ရက်အထိ ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့ တောင်အာရှအားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသော မြန်မာ့လက်ရွေးစင် မြားပစ်အဖွဲ့၊ ရေကူးအဖွဲ့နှင့် ဒိုင်ဗင်အားကစားအဖွဲ့တို့အား မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ယနေ့နံနက် ၈နာရီခွဲတွင် လေ့ကျင့်နေမှုများအား ကြည့်ရှုစစ်ဆေးပြီး တွေ့ဆုံအမှာစကား ပြောကြားသည်။**

ရှေးဦးစွာ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက အမှာစကား ပြောကြားရာတွင် မြားပစ်၊ ရေကူးနှင့် ဒိုင်ဗင် အားကစားအဖွဲ့များ အနေဖြင့် လာမည့် ဆီးဂိမ်းပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများ၌ အောင်မြင်မှုရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် ကြိုးပမ်းသွားကြရန်လိုကြောင်း၊ ခွဲ၊ စိတ်ဓာတ်၊ စည်းကမ်းအပြည့်အဝဖြင့် လေ့ကျင့်မှုကို ပြင်းပြင်းထန်ထန် လေ့ကျင့်ပြီး ပြိုင်ပွဲများ၌ အောင်မြင်မှုရအောင်ကြိုးစားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာပြိုင်ပွဲများ၌ အောင်မြင်မှုများ ရယူနိုင်မှသာ အမိနိုင်ငံတော်၏ ဂုဏ်ကို မြှင့်တင်ပေးနိုင်မှာဖြစ်ကြောင်း၊ ရေကူးကိုလည်း လူငယ်မျိုးဆက်သစ်များ မွေးထုတ်ကာ ရေရှည်စီမံကိန်း ချမှတ်ကာ ဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်နှင့် ရေကူးအဖွဲ့ချုပ်ကလည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်အောင် အစဉ်အမြဲ ကြိုးစားကြရမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်နှင့် ရေကူးအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဦးကျော်ဦးက (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်ရန် မြားပစ်၊ ရေကူးနှင့် ဒိုင်ဗင်အဖွဲ့များ၏ လေ့ကျင့်ပြင်ဆင်နေမှုများအား ရှင်းလင်းတင်ပြပြီး အားကစားအဖွဲ့များနှင့် မိတ်ဆက်ပေးသည်။ ယင်းနောက် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်နှင့် ရေကူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများက မြန်မာမြားပစ်အဖွဲ့နှင့် ရေကူးအဖွဲ့တို့၏ အခြေအနေများအား ရှင်းလင်းတင်ပြသည်။ ထို့နောက် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူး ဆောင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ရေကူး အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက နိဂုံးချုပ် အမှာစကားပြောကြားပြီး အားကစားသမားများ၏ နေထိုင်စားသောက်ရေး၊ အားကစားပစ္စည်းများနှင့် လေ့ကျင့်ရေးအထောက်အကူပစ္စည်းများအားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရန် မြန်မာမြားပစ်အဖွဲ့ချုပ်တွင် အုပ်ချုပ်သူတစ်ဦး၊ ကိုရီးယားနည်းပြတစ်ဦး၊ မြန်မာနည်းပြလေးဦး၊ အားကစားသမား ၁၉ဦး၊ ရေကူး အားကစားအဖွဲ့ချုပ်တွင် အုပ်ချုပ်သူတစ်ဦး၊ တရုတ်နည်းပြတစ်ဦး၊ မြန်မာနည်းပြတစ်ဦး၊ အားကစားသမား ရှစ်ဦး၊ ဒိုင်ဗင်အားကစားအဖွဲ့တွင် အုပ်ချုပ်သူတစ်ဦး၊ တရုတ်နည်းပြတစ်ဦး၊ မြန်မာနည်းပြတစ်ဦး၊ အားကစားသမားလေးဦးတို့ဖြင့် လေ့ကျင့်လျက်ရှိသည်။(ကြေးမုံ)







**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ မိဘများဖြစ်ကြသော (ဦးထွန်းမောင်) (အငြိမ်းစား အကောက်ခွန်မင်းကြီး)–ဒေါ်တင်တင်ဦး(ပြည်မြို့)တို့အား ရည်စူး၍ သား ဦးဝင်းနိုင်(ကောင်းထက်ကျော် ပညာ့ရိပ်မွန်)–ဒေါ်မြိုင် သားသမီး၊ မြေးတစ်စု ဒဂုံသီရိလမ်း ကျောက်မြောင်း တာမွေမှ အလှူငွေကျပ် ၁၁၁၁၀၀ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင် ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။**

(က–ပ)

# တစ်ချက်တည်းဖြင့် ကျင်းဝင်

ရန်ကုန် ဇွန် ၁၅

ဗိုလ်မှူး ရွှေပြည်ဟိန်းသည် ဇွန် ၁၄ရက်က ပုသိမ်ဂေါက်ကွင်း ကျင်းအမှတ်(၄)တွင် Titleist Pro V1 အမျိုးအစား ဂေါက်သီးကို Honma အမျိုးအစား Iron (4)တုတ်ဖြင့် ၁၄၄ ကိုက်အကွာမှ ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်တွင် ကစားဖော်များအဖြစ် ကိုနေမျိုးအောင်၊ ကိုကျော်ငွေး၊ ကိုထွန်းဦးတို့အတူ ကစားလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## အမှာစကားပြောကြား

**မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ် ဂုဏ်ထူးဆောင်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ အမှာစကား ပြောကြားစဉ်။**

(ကြေးမုံ)

# ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာ

## သစ်တောစိုက်ခင်းများ ထိန်းသိမ်းပေးပါ

**စာတည်းခင်ဗျား–**

မန္တလေးတိုင်း မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်၌ စိမ်းလန်း စိုပြည်ရေးအတွက် သစ်တောစိုက်ခင်းများကို ပျိုးထောင် စိုက်ပျိုးထားရာ ရွှေဆံတော်စိုက်ကွင်းနှင့် ကံညီနောင်စိုက်ကွင်းတို့မှ သစ်ပင်များကို စည်းကမ်းမဲ့သူအချို့က ဝင်ရောက်ခုတ်ယူ နေကြပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ သစ်ပင်ခုတ်လှဲနေသူများအား အရေးယူ တားဆီးပေးပါရန် တင်ပြအပ်ပါသည်။

**တောတောင်စိမ်းစေလိုသူ**

## သံပီပါ၊ သံပြားများထုရိုက်သံ ပတ်ဝန်းကျင်ဆူညံ

**စာတည်းခင်ဗျား–**

မော်ဘီမြို့နယ် ဆတ်သွားတောကျေးရွာ ပေတစ်ရာတောင်ပိုင်းတွင် သံပီပါ၊ သံပြားကြီးများအား ထုရိုက်၍ သံသေတ္တာများပြုလုပ်လျက်ရှိရာ ဆူညံသံများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ နားမခံသာပါ။

သို့ဖြစ်ပါ၍ အဆိုပါ သံသေတ္တာဆိုင်အား လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ကျေးရွာသားများ**

## ခရီးသည်များ နားနေကားစောင့်နိုင်ရေး စီစဉ်ပေးပါ

**စာတည်းခင်ဗျား–**

ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မင်းကုန်းစံပြကျေးရွာ ကားဂိတ်တွင် ခရီးသည်များအတွက် နားနေဆောင် ဆောက်လုပ်ပေးထားသော်လည်း အဆိုပါနေရာတွင် ဆိုင်ကယ်ပြင်ဆိုင်၊ အပ်ချုပ်ဆိုင်နှင့် အအေးဆိုင်များ ဝင်ရောက်လုပ်ကိုင် နေရာယူထားကြပါသည်။

သို့ဖြစ်ပါ၍ နားနေဆောင်အတွင်း ခရီးသည်များ မိုးခို ကားစောင့်နိုင်ရေး အဆိုပါဆိုင်များအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ခရီးသည်များ**

## ဈေးအတွင်းမှ အမှိုက်ပုံ ရှင်းလင်းပေးပါ

**စာတည်းခင်ဗျား–**

ကမာရွတ်မြို့နယ် လှည်းတန်းဈေးအတွင်းရှိ အမှိုက်ပုံမှာ အမြဲလိုလိုပြည့်လျှံနေတတ်ပြီး **(အောက်ပုံ)** အနံ့ဆိုးများလည်း ထွက်နေပါသဖြင့် ပတ်ဝန်းကျင်တွင် နေထိုင် သူများ ကျန်းမာရေး ထိခိုက်နိုင်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ အမှိုက်ပုံအား ရှင်းလင်းပေးပါရန်နှင့် သင့်လျော်သော နေရာများတွင် အမှိုက်ကန်များထားရှိပေးပါရန် တင်ပြအပ်ပါသည်။

**ဈေးသူ၊ ဈေးသားများ**



## အမှိုက်ပုံ ပြောင်းရွှေ့ပေးပါ

**စာတည်းခင်ဗျား–**

ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် နတ်မောက်ရိပ်သာလမ်းထောင့်တွင် ယခုအခါ အမှိုက်များ စည်းကမ်းမဲ့လာရောက် စွန့်ပစ်သဖြင့် အမှိုက်များ မြင်မကောင်းအောင် ဖြစ်နေပြီး အနံ့ဆိုးများလည်း ထွက်နေပါသည်။ ထို့အပြင်အမှိုက်ပုံမှ ထွက်ကျနေသောအရည်များသည် လမ်းမကြီးတစ်လျှောက် စီးဆင်းလျက်ရှိနေသောကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အမှိုက်ပုံကြီးကို ရွှေ့ပြောင်းပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်နေသူများ**

## ခွေးလေခွေးလွင့်များ ရှင်းလင်းပေးစေလို

**စာတည်းခင်ဗျား–**

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၆)ရပ်ကွက် ဆေးရုံလမ်းနှင့် မင်္ဂလာလမ်းထောင့်တွင် ခွေးလေခွေးလွင့်များရှိရာ လမ်းသွားလမ်းလာများ မကြာခဏ ခွေးကိုက်ခံကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ခွေးလေခွေးလွင့်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

**ခွေးကိုက်ခံရသူ**

## ပြည်သူ့ထံမှပေးစာပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံ သတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။**

## စနစ်တကျရေသုံးစွဲစေရေးဆောင်ရွက်ပြီး

၂–၆–၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ စစ်တွေမြို့ အုန်းတပင်ရပ်ကွက်၊ ဧစေတီလမ်းနှင့် ဆင်ကူးလမ်းမှ **"စည်းကမ်းနှင့်အညီ ရေသုံးစွဲစေလို"** ပေးစာနှင့်စပ်လျဉ်း၍ စနစ်တကျ ရေသုံးစွဲစေရေး ဆောင်ရွက် ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်**

## ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်ပြီးစီး

၉–၆–၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ မအူပင်မြို့ (၅)လမ်းထိပ် သစ်တောရုံးအနီး **"ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ"** ပေးစာနှင့်စပ်လျဉ်း၍ ရေမြောင်းတူးဖော်ပြီးစီး၍ ရေစီးရေလာ ကောင်းမွန်လျက်ရှိကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်**





# Premier Coffee Co., Ltd

## ကံထူးရှင်များအား ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၅**

Premier Coffee Co, Ltd. ၏ ၂၀၀၇ English Premier League ဘောလုံးပွဲ ခန့်မှန်းကံစမ်းမဲဆုငွေ သိန်း ၁၀၀ကို ထိုက်တန်စွာ ခွဲဝေရရှိသွားကြသော ရန်ကုန်မြို့မှ ကံထူးရှင်များအား ဆုချီးမြှင့်ပွဲကို ယနေ့ ညနေ ၅နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ M-3 Food Center ၌ကျင်းပရာ Premier Coffee Co, Ltd.မှဒါရိုက်တာဒေါက်တာ ဦးထင်ကျော်၊ မန်နေဂျာများ၊ ဝန်ထမ်းများ၊ အရောင်းကိုယ်စားလှယ်များ၊ ကံထူးရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဒေါ်တင်မိုးလွင်က ကံစမ်းမဲ စတင်ချီးမြှင့်ခဲ့မှုနှင့် Premier Coffee Co, Ltd.၏ နောက်ခံ သမိုင်းကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဈေးကွက်မန်နေဂျာဦးဌေးမြင့်ကအမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် အရောင်းမန်နေဂျာ ဦးအေးကျော်နှင့် သရုပ်ဆောင် အဆိုတော် ရဲလေးတို့က ကံထူးရှင်များအား ဆုများပေးအပ်သည်။

ယင်းနောက် တက်ရောက်လာကြသော ပရိသတ်များအား Premier Coffee နှင့်ပတ်သက်၍ မေးခွန်းများကို မေးမြန်းပြီး ဖြေဆိုနိုင်သူများအား တာဝန်ရှိသူများက ဆုများပေးအပ်သည်။

Premier Coffee Co, Ltd.မှချီးမြှင့်သောကံထူးရှင် ဆုရ အခြားမြို့များမှ ကံထူးရှင်များသည် နီးစပ်ရာ Premier Coffee ရုံးခွဲများနှင့် အရောင်းကိုယ်စားလှယ်များထံ ၂၀၀၇ ခုနှစ် ဩဂုတ် ၃၁ ရက်နောက်ဆုံးထား၍ ဆုငွေထုတ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## ပဲခူးတိုင်း ရွှေကျင်၊ ကျောက်ကြီးမြို့နယ်တို့အတွင်း သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ ပြည်သူတစ်ဦး သေဆုံး၊ နှစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၁၅**

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ရပ်များကို နည်းမျိုးစုံအသုံးပြုဆောင်ရွက်လျက်ရှိရာ ဇွန် ၆ရက် ညနေ ၅နာရီခန့်တွင် ရွှေကျင်မြို့နယ် မဘီးလေးကျေးရွာနေ ဦးအောင်တင်၏သား မင်းကျော်ဌေး အသက်(၂၀)သည် အဖော်ဖြစ်သူ မောင်ရီနှင့်အတူ တညင်းသီးခူးရန် တောတွင်းသို့ သွားရောက်စဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ မင်းကျော်ဌေး၏ ညာဘက်ခြေထောက်ပြတ်ကာ ဒဏ်ရာရရှိခဲ့၍ တာဝန်ရှိသူများက ရွှေကျင်မြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်စဉ် အင်္ဂနီကျေးရွာအရောက်၌ သေဆုံးသွားခဲ့သည်။

အလားတူ ဇွန် ၉ရက် နံနက် ၇နာရီခွဲခန့်တွင် ကျောက်ကြီးမြို့နယ် မြောင်းဦးရွာနေ ဦးမောင်ကို၏သား ဦးလှအောင် အသက် (၅၀)သည် ယင်း၏အဖော်ဖြစ်သူ ဦးဒေးဓား၊ ဦးသာလိကာတို့နှင့်အတူ ဟင်းသီးဟင်းရွက်ခူးရန် တောတွင်းသို့ သွားရောက်စဉ် မုံးချောင်းအရောက်၌ သောင်းကျန်းသူ အဖျက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး နင်းမိပေါက်ကွဲ၍ ဦးလှအောင်၏ ဘယ်ဘက်ခြေထောက် ခြေကျင်းဝတ်မှပြတ်ကာ ညာဘက်ပေါင် မိုင်းစထိမှန် ပြီး ဦးဒေးဓား ၏ ညာဘက်မျက်လုံး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ မိုင်းထိ ဒဏ်ရာရရှိခဲ့ကြသည့် ဦးလှအောင်နှင့် ဦးဒေးဓားတို့အား သက်ဆိုင်ရာတာဝန်ရှိသူများက မုံးတိုက်နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကြ၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သင့်သွေးဖြင့် အသက်ကယ်ပါ**

**သက်ရှိလောက တည်မြဲဖို့ သဘာဝ တောတွေ ထိန်းသိမ်းစို့**

### ဦးဘသော်၊ ဒေါ်လှလှမြင့်၊ ဒေါ်ဖြူဖြူအောင်နှင့် အများသိရှိစေရန်

အထက်ပါ ဦးဘသော်နှင့် ဒေါ်လှလှမြင့်တို့သည် ကျွန်ုပ်တို့မိတ်ဆွေ ဦးမိုးထင်ကျော်၏ဇနီး၊ ဒေါ်ဖြူဖြူအောင်၏မိဘများဖြစ်ပါသည်။ ၎င်းဦးဘသော်နှင့်ဒေါ်လှလှမြင့်တို့သည်၎င်းတို့၏ မြေးဦး မောင်သတိုးနောင် ကျောင်းတက်ရန်အတွက် ကားဝယ်မည်ဟုဆိုကာ ငွေလိုအပ်သည်ဟုဆိုကာ ဦးမိုးထင်ကျော်ထံမှ ရွှေ၄၀ကျပ်သား(ကာလတန်ဖိုး ကျပ်သိန်း ၁၇၀)ခန့်ကို ၂၀၀၅ခုနှစ်ခန့်က ရယူထားခဲ့ပါသည်။ အလားတူ အညာဒေသ ဧရာတ်သီးအရောင်းအဝယ်လုပ်ရန်အတွက် ငွေကျပ်သိန်း ၂၀၊ စပါးဝယ်ယူသိုလှောင်ရန်အတွက် ငွေကျပ် သိန်း ၃၀၊ စုစုပေါင်းတန်ဖိုး ကျပ်သိန်း ၂၂၀ခန့်ကို ဦးမိုးထင်ကျော်ထံမှ ရယူသွားခဲ့ပြီး ယနေ့တိုင်အောင် ပြန်ပေးခြင်းမရှိဘဲ ပျက်ကွက်လျက်ရှိရာ ဤကြော်ငြာပါသည့်နေ့မှ ရက်ပေါင်း ၃၀ ရက်အတွင်း ဦးမိုးထင်ကျော်ထံသို့ဖြစ်စေ၊ ကျွန်ုပ်တို့ထံဖြစ်စေ လာရောက်ဖြေရှင်းပေးအပ်ပါရန် တောင်းဆိုအပ်ပါသည်။ အကယ်၍ ပျက်ကွက်ပါက ပြစ်မှုကြောင်း၊ တရားမကြောင်းတို့အရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်စိမ့်စံပယ်တိုး**
**H.G.P,LL.B,D.B.L,D.M.L, D.I.L(1), D.A(psy)**
**တရားရုံးချုပ်ရှေ့နေ**
**(၀၉ ၅၁၇၅၉၈၂)**

**ဦးစိုးဝင်းစိုး**
**LL.B, D.B.L,D.I.L**
**တရားရုံးချုပ်ရှေ့နေ**

**အမှတ်(၅၀)၊ ပထမထပ်၊ D-2၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်**

**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန**
**(အောက်မြန်မာပြည်)**

**ရန်ကုန်အဝေးသင်တက္ကသိုလ်**

## e-Education Learning Centre

**သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်**

**(တနင်္လာမှ သောကြာ) ၁၃း၀၀ နာရီမှ ၁၅း၀၀ နာရီထိ**
**(စနေ၊ တနင်္ဂနွေ) ၉း၀၀ နာရီမှ ၁၆း၀၀ နာရီထိ**

**၁၆–၆–၂၀၀၇ (စနေနေ့)**

* First Year Guide
  – ပထမနှစ်အင်္ဂလိပ်စာအထူးပြု
* Echo Location
  – ပထမနှစ် အင်္ဂလိပ်စာအထူးပြု
* After Twenty Years
  – ပထမနှစ် အင်္ဂလိပ်စာအထူးပြု
* Tropical Countries
  – ပထမနှစ် အင်္ဂလိပ်စာအထူးပြု
  The Olympic Games
  – ပထမနှစ် အထူးပြုအားလုံး
* Judicial System in Myanmar
  – ပထမနှစ် ဥပဒေပညာအထူးပြု
* Administration in the Era of Myanmar Kings
  – ပထမနှစ် ဥပဒေပညာအထူးပြု
* Classification of Law
  – ပထမနှစ် ဥပဒေပညာအထူးပြု
* Major Legal Systems
  – ပထမနှစ် ဥပဒေပညာအထူးပြု
* The Legal Profession
  – ပထမနှစ် ဥပဒေပညာအထူးပြု

**၁၇–၆–၂၀၀၇(တနင်္ဂနွေနေ့)**

* The Earth and its Movement
  – ပထမနှစ် ပထဝီဝင်အထူးပြု
* Solar Energy and Temperature
  – ပထမနှစ် ပထဝီဝင်အထူးပြု
* Erosion and Deposition By Wind
  – ပထမနှစ် ပထဝီဝင်အထူးပြု
* Land Forms
  – ပထမနှစ် ပထဝီဝင်အထူးပြု
* Cyclone and Anti-cyclone
  – ပထမနှစ် ပထဝီဝင်အထူးပြု
* The Origins of Feudalism
  – ပထမနှစ် ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသစာပေ အထူးပြု
* Economic and Social Aspects of Feudalism
  – ပထမနှစ် ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသစာပေအထူးပြု
* Greek Civilization
  – ပထမနှစ် သမိုင်းအထူးပြု
* Industrial Revolution
  – ပထမနှစ် ဥပဒေ၊ ရသစာပေ၊ သမိုင်းအထူးပြု
* Revival of Trade
  – ပထမနှစ် ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသစာပေ အထူးပြု




**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**

**ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းနေ ဒေါ်မမကြီးက ငွေပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။**
(ဘိုးဘွားရိပ်သာ)

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ ၂၆–ရပ်ကွက်၊ မြယမုံစမ်းရိပ်မြိုင်အိမ်ရာ၊ အမှတ်(၃၄)နေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/မနမ(နိုင်) ၀၆၉၀၀၆] ကို ကိုင်ဆောင်သူ ဒေါ်မြင့်မြင့်သိန်း (ဘ–ဦးသိန်းတန်)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ဦးလှမောင်၏သားဖြစ်သူ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/မနမ(နိုင်) ၀၆၉၀၀၇]ကို ကိုင်ဆောင်သူ ဦးမောင်ဝင်းနှင့် ဒေါ်မြင့်မြင့်သိန်းတို့သည် ၂၄–၁–၂၀၀၇ရက်နေ့တွင် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။ သို့ဖြစ်၍ ဒေါ်မြင့်မြင့်သိန်းနှင့် ဦးမောင်ဝင်းတို့သည် ၂၄–၁–၂၀၀၇ ရက်နေ့မှစ၍ ပတ်သက်မှုတစ်စုံတစ်ရာ လုံးဝမရှိတော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးတင်ရွှေ LL.B**
**တရားရုံးချုပ်ရှေ့နေ (စဉ်–၂၆၄၅)**
**တိုက်အမှတ်–၉/၁၁၊ အခန်းအမှတ်–၃၀၁၊**
**၄လွှာ၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၆–အိုင်)၊ မြေကွက်အမှတ် (၁၁၂အေ/၇စီ)၊ ဧရိယာ (၀ ဒသမ ၁၅၃)ဧကအကျယ်အဝန်းရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကမ္ဘောဇရိပ်သာ၊ အမှတ် ၈/အေ ဟုခေါ်တွင်သော တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဌေးဌေးဝင်း [၁၀/သဖရ(နိုင်)၀၀၀၂၃၂]ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေပြီး ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်မာသော တရားဝင်အထောက်အထား၊ စာချုပ်စာတမ်းများနှင့်တကွ ယနေ့မှစ၍ (၇)ရပ်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နုနုစိန် (LL.B,D.B.L,D.I.L)**
**တရားရုံးချုပ်ရှေ့နေ**
**အမှတ်–၉/၁၁၊ အခန်း ၂၀၁(A)၃၆လမ်း၊**
**ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ ဖုန်း–၀၉၅၁ ၃၁၆၅၂**

### ဒေါ်ဖြူဖြူအောင်[၁၂/ ရကန(နိုင်)၀၄၅၇၅၃]နှင့် အများသိစေရန်

ဒေါ်ဖြူဖြူအောင်သည် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးမိုးထင်ကျော်နှင့် ၁၈–၇–၉၇ ရက်နေ့မှစ၍ လက်ထပ်ပေါင်းသင်းခဲ့ပြီး မောင်အံ့ဖွယ်မိုးခန့် (၈)နှစ်ကို မွေးဖွားခဲ့ပါသည်။ ဦးမိုးထင်ကျော်နှင့် ဒေါ်ဖြူဖြူအောင်တို့ လင်မယားနှစ်ဦးပိုင်ပစ္စည်းများအဖြစ် အောက်ပါပစ္စည်းများကို လက်ရှိ ပိုင်ဆိုင်ခဲ့ကြပါသည်။

၁။ အမှတ်(၃၃/၈)၊ ၆လွှာ၊ ၁၆၇လမ်း၊ တာမွေကြီးရပ်ကွက်၊ တာမွေမြို့နယ်ရှိ နေအိမ်တိုက်ခန်းတန်ဖိုး သိန်းတစ်ရာခန့်။

၂။ အမှတ်(၄)၊ ကမ်းနားလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့် မြို့နယ်ရှိမြေတိုင်း(၇–ဘီ)၊ မြေကွက် (၉၄)၊ ၂၄ပေxပေ၄၀ရှိ မြေကွက်နှင့် လုံးချင်းတိုက်တစ်လုံး သိန်း(၂၀၀)။

၃။ သာကေတမြို့နယ်၊ မြေတိုင်း(၁)၊ မြေကွက်(၁၄၇၄/ခ)၊ ပေ ၂၀ x ပေ ၆၀ မြေကွက်နှင့် (၁)ရပ်ကွက်၊ ထူပါရုံ(၁၃)လမ်း၊ အမှတ်(၁၄၇၄/ခ)ဟုခေါ်တွင်သော နေအိမ်တစ်လုံး ကျပ်သိန်း၅၀ခန့်။

၄။ ယာဉ်အမှတ် ၉က/၈၁၂၇ တိုယိုတာကိုရိုလာCE-97အမျိုးအစား မော်တော် ယာဉ်တစ်စီး ကျပ်သိန်း ၄၀၀ခန့်။ (ပိုင်ဆိုင်မှုစာအုပ်)

၅။ သန်လျင်မြို့နယ်၊ ညောင်သုံးပင်ကျေးရွာ၊ ကျိုက်ခေါက်ဘုရားလမ်း၊ ခြံအမှတ်(၃)၊ ကွင်းအမှတ်(၆၈၁)မဇီးဖြူတောင်ကွင်း၊ ဦးပိုင်(၃၇–ဃ)၊ ဧရိယာ (၁ဒသမ၇၀)ဧကရှိ ခြံမြေကွက်နှင့်တစ်ထပ်တိုက်နှစ်လုံး၊ တန်ဖိုးကျပ်သိန်း ၁၀၀၀ ခန့်ရှိ ပစ္စည်းများနှင့်တကွ တန်ဖိုးကျပ်သိန်း ၁၅၀၀ဖိုးခန့်ရှိ အတွင်းပစ္စည်းများဖြစ်ပါသည်။ အဆိုပါပစ္စည်းများနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းမူရင်းအားလုံးမှာ ဒေါ်ဖြူဖြူအောင်၏လက်ဝယ်တွင် ရှိနေပါသည်။ သို့ဖြစ်ရာ လင်မယားပိုင် အထက်ပါ ပစ္စည်းများအား ကျွန်ုပ်တို့၏မိတ်ဆွေ ဦးမိုးထင်ကျော်၏ ခွင့်ပြုသဘောတူညီချက်မပါရှိဘဲ ဒေါ်ဖြူဖြူအောင်အနေဖြင့် လွှဲပြောင်းရောင်းချပေါင်နှံ၊ ထုခွဲခြင်းပြုလုပ်ခွင့်မရှိပါကြောင်းနှင့် ထိုသို့မပြုလုပ်ရန်ကိုလည်း တားမြစ်အပ်ပါသည်။ အကယ်၍ ၎င်းထံမှ ဝယ်ယူခဲ့ပါက ဝယ်ယူသူ၏ တာဝန်သာဖြစ်ပါကြောင်း ဒေါ်ဖြူဖြူအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်စိမ့်စံပယ်တိုး**
**H.G.P,LL.B,D.B.L, D.M.L,D.I.L(1), D.A(psy)**
**တရားရုံးချုပ်ရှေ့နေ**
**(၀၉ ၅၁၇၅၉၈၂)**

**ဦးစိုးဝင်းစိုး**
**LL.B, D.B.L, D.I.L**
**တရားရုံးချုပ်ရှေ့နေ**

**အမှတ်(၅၀)၊ ပထမထပ်၊ D-2၊ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်**

# မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစု အဆိုပြုလွှာပေးအပ်ခြင်း၊ အလှူငွေ ပေးအပ်ခြင်းနှင့် ဥပဒေရေးရာဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၅

**၂၀၀၇ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးဌာနကြီးနှင့် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းကျင်းပသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာပေးအပ်ခြင်း၊ အလှူငွေပေးအပ်လှူဒါန်းခြင်းနှင့် ဥပဒေရေးရာဆွေးနွေးဟောပြောပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာ့ကြယ်ငါးပွင့်သဘော်လုပ်ငန်း ရုံးချုပ်၌ ကျင်းပသည်။**

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှူး ဒေါ်မြသီဂီ၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးမှူး ဒေါ်မြင့်မြင့်စိုး၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်၊ အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်အေးအေး၊ ရန်ကုန်တိုင်း ဒေသစည်းရုံးရေးမှူး ဒေါ်ခင်ညွန့်မြိုင်၊ အမျိုးသမီးရေးရာအဖွဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဥပဒေပညာရှင်များ၊

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ***

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး





မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများ ပေးအပ်ခြင်း၊ အလှူငွေပေးအပ်ခြင်းနှင့် ဥပဒေရေးရာ ဆွေးနွေးဟောပြောပွဲတွင် ဆွေးနွေးဟောပြောစဉ်။ (သတင်းစဉ်)

## မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ မိုးလျော့နည်းနိုင်

နောက် နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

## NLD ပါတီ၏ နိုင်ငံရေးလုပ်ဆောင်မှုမှာ ယုံကြည်ချက်လမ်းကြောင်းပေါ်မှ သွေဖည်နေ ပါတီဝင်အချင်းချင်း ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှု၊ စိတ်ဝမ်းကွဲပြားမှုနှင့် ဂိုဏ်းဂဏများ ကွဲပြားလျက်ရှိ ဝါးခယ်မ၊ မော်လမြိုင်ကျွန်းနှင့် အိမ်မဲမြို့နယ်တို့မှ ပါတီဝင် ၃၂ ဦး နုတ်ထွက်

**ရန်ကုန် ဇွန် ၁၅**

ဧရာဝတီတိုင်း ဝါးခယ်မမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မအေး၊ မစုစု၊ မခိုင်လေး၊ မခင်ညိုသန်း၊ မခင်သန်းဦးတို့ အပါအဝင် ပါတီဝင် ၁၀ ဦးသည် ဇွန် ၇ ရက်တွင် လည်းကောင်း၊ မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးကိုကိုကြီး၊ ဦးလှသိန်း၊ ဦးဖာဒီသာ၊ ဦးမြစိုး၊ ဦးအောင်သိန်းငွေတို့ အပါအဝင် ပါတီဝင် ၂၁ ဦးနှင့် အိမ်မဲမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ကျခတ်ကွေ့ကျေးရွာနေ ဦးထွန်းကျော်တို့သည် ဇွန် ၈ ရက်တွင်လည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)မှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဝါးခယ်မမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်နှင့် အိမ်မဲမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီ၏ နိုင်ငံရေးလုပ်ဆောင်မှု အနေအထားမှာ ယုံကြည်ချက် လမ်းကြောင်းပေါ်မှ သွေဖည်လျက်ရှိပြီး ကောင်းမြတ်သောရလဒ်များ ထွက်ပေါ်မလာဘဲ ပါတီဝင်အချင်းချင်း ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ၊ စိတ်ဝမ်းကွဲပြားမှုများနှင့်အတူ ပါတီတွင်း ဂိုဏ်းဂဏများ ကွဲပြားလျက်ရှိနေကြောင်း တွေ့မြင်ရသဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror အင်တာနက်ကျန်းမာရေးသတင်း

## အာရီဇိုးနားမှ မိခင်တစ်ဦး ခြောက်မြွာပူးမွေးဖွား

ဖီးနစ် ဇွန် ၁၅

**အမေရိကန်နိုင်ငံ အာရီဇိုးနားပြည်နယ်မှ မိခင်တစ်ဦးသည် ဖီးနစ်မြို့ ဘင်နာဂွတ်ဆာမာရီတန် ဆေးရုံတွင် ဇွန် ၁၂ ရက်က ဗိုက်ခွဲ၍ ခြောက်မြွာပူး ကလေးမွေးဖွားကြောင်း ဆေးရုံသတင်းရပ်ကွက်မှ ပြောကြားသည်။**

မိခင်ဖြစ်သူမှာ အသက် (၃၂)နှစ်ရှိ ဂျယ်နီမာရေး ဆိုသူဖြစ်သည်။ ခြောက်ဦးအနက် သုံးဦးမှာ ယောကျ်ားကလေးများဖြစ်ပြီး ကျန်သုံးဦးမှာ မိန်းကလေးများဖြစ်သည်။

၎င်းတို့သည် မွေးရမည့်အချိန်ထက် သီတင်း ၁၀ ပတ်စော၍ မွေးဖွားခြင်းဖြစ်ပြီး ကလေးတစ်ဦးမှာ သုံးပေါင်ပင်မပြည့်ဟုဆိုသည်။ သို့ရာတွင် ကလေးများ၏ အခြေအနေမှာ ကောင်းမွန်သဖြင့် သီတင်းခြောက်ပတ်မှ ရှစ်ပတ်အတွင်း ဆေးရုံမှ ဆင်းနိုင်ဖွယ်ရာရှိကြောင်း။

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ●**

## ယနေ့ မိုးလေဝသ ၁၆-၆-၂၀၀၇

| နေပြည်တော် | ရန်ကုန် | မန္တလေး |
|---|---|---|
| နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ | ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရာရန်ရာနှုန်း ၈၀ ဖြစ်သည်။ | မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။ |